ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၄ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်၊ စနေနေ့။ Saturday, 21 January 2023 ၁၀၉၈၇

လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အရှိန်အဟုန်မပျက် စေဘဲ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ရှိရင်းစွဲဆက်ဆံရေးနှင့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရေး ထာဝရရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်ကို ထာဝရမိတ်ဆွေကောင်းအဖြစ် ဆက်လက်တည်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်

ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi

နေပြည်တော် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး 8th High Level Committee Meeting ကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ Jasmine Ngapali Resort ၌ ကျင်းပသည်။

အစည်းအဝေးမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့သည် သီးခြားတွေ့ဆုံ၍ တပ်မတော်နှစ်ရပ်အကြား ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့ (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး လဲလှယ်ကြစဉ်။

ကြေးမုံ

ပြာသိုလ-တပို့တွဲ ရိုးရာဓလေ့ကို ထိန်းသိမ်းဆင်နွှဲ

မျက်မှောက်ကာလ၌ အအေးပိုနေသည်မှာ ရာသီဥတုဖောက်ပြန်ခြင်းမဟုတ်ဘဲ မြန်မာတို့၏ ရာသီသဘာဝဆောင်းကာလ၏ အတွေ့အထိကို ပီပြင်ခံစားနေရခြင်းသာဖြစ်သည်။ လွန်ခဲ့သည့်နှစ်များက ရာသီဥတုပြောင်းလဲသည့်ဖြစ်စဉ်များနှင့် တွေ့ကြုံခဲ့ရသော်လည်း ယခုကာလတွင် နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီကို ပီပြင်စွာ ကြုံတွေ့ခံစားရသဖြင့် ကောင်းခြင်းလက္ခဏာပင်ဖြစ်သည်။ ဥတုရာသီကောင်းမွန်ခြင်း၊ ဆန်ရေစပါးပေါများခြင်းသည် တိုင်းပြည်သာယာဝပြောသည့်လက္ခဏာဖြစ်၏။

မြန်မာတို့၏ ၁၂ လရာသီတွင် ပြာသို–တပို့တွဲလသည် အချမ်းအေးဆုံးလ ဖြစ်သည်။ ယခုကာလတွင် မြို့ပြများတွင်ပင် အအေးပိုလျက် ကျေးလက်ဒေသများတွင် ခိုက်ခိုက်တုန်ချမ်းအေးလွန်းသဖြင့် မီးလှုံကြသည်။ မီးဟူသည် သုံးတတ်လျှင်ဆေး၊ မသုံးတတ်လျှင်ဘေးဖြစ်သည်ကို သတိပြုရမည်။ မီးအန္တရာယ်ကင်းဝေးစေရေးအတွက် မီးကြွင်းမီးကျန်များကို ငြှိမ်းသတ်ကြရမည်။ ဥတုဘောဇနကျမ်းတွင် “မီးပူသည် လေသလိပ်ကို နိုင်၏။ ဝမ်းချုပ်ခြင်း၊ အေးခြင်း၊ ကိုယ်တုန်လှုပ်ခြင်းကို နိုင်၏။ အစာမကြေခြင်း၊ သလိပ်ထခြင်းကို ငြိမ်းစေနိုင်၏။ သွေး၊ သည်းခြေကို ပျက်စေတတ်၏။ မီးခိုးသည် သလိပ်ကို ပျက်စေတတ်၏။ မျက်စိနှင့်မသင့်၊ ဦးခေါင်းလေးခြင်းကို ပြုတတ်၏။ လေ၊ သည်းခြေကို ပျက်စေတတ်၏”ဟု ဆိုထားသည်။

ပါဠိစာပေတို့တွင် ဆီးနှင်းကျ၍ အလွန်အေးသော ရှစ်ညကို တွေ့ရသည်။ ယင်းရှစ်ညသည် ယခု တပို့တွဲ– တပေါင်းတို့၏ အကြားကာလဖြစ်သည်။ စပ်ကြားရှစ်ညဟု ဆိုသည်။ ဤညများတွင် အလွန်အေးလှသဖြင့် လူတို့အနေဖြင့် သတိပြု၍ မီးလှုံနိုင်သလို ရဟန်းတို့အနေဖြင့်လည်း မီးလှုံနိုင်သော်လည်း သာမန်ညတို့တွင် မီးလှုံခြင်းကိုကား ဘုရားရှင်က နှစ်သက်တော်မမူပေ။ အကြောင်းကား မီးလှုံခြင်းနှင့် ပတ်သက်၍ ရဟန်းတို့၌ အပြစ်ငါးပါးကို ဟောကြားထားသောကြောင့်ဖြစ်သည်။ တပို့တွဲလတွင် ဆင်သတ္တဝါပင် အစွယ်အေးသည့်ရာသီဖြစ်၍ မြတ်စွာဘုရားကို ရည်မှန်းကာ အမွေးနုံ့သာတို့ဖြင့် မီးဖုံးပြာသာဒ်ပြုလုပ်ပြီး လှုဒါန်းပူဇော်ကြကြောင်း သိရသည်။

မြန်မာတို့သည် တပို့တွဲလ၌ ယာဂုကျိုသောပွဲ ဆင်နွှဲကြသည်။ ယာဂုဆိုသည်မှာ ပါဠိဝေါဟာရဖြစ်သည်။ ဆန်တစ်ဆ၊ ရေခြောက်ဆထည့်၍ ကျိုသောဆန်ပြုတ်ပင်ဖြစ်သည်။ ဥတုဘောဇနကျမ်း၌ ယာဂုသည် “ဝမ်းမီးကို တောက်စေတတ်၏။ ကြေလွယ်၏။ ရေတက်ခြင်းကို နိုင်၏။ ဆီးကို ရွှင်စေတတ်၏။ ပင်ပန်းနွမ်းနယ်ခြင်းကို နိုင်၏။ အဖျားနာ၊ ဝမ်းနာနှင့်သင့်၏”ဟုဆိုထားသည်။ ရဟန်းတို့နှင့်ပတ်သက်၍မူ “ဆာခြင်းကို ဖျောက်နိုင်၏။ မွတ်ခြင်းကို ပျောက်၏။ လေကို အောက်သို့သက်စေ၏။ ဆီးအိမ်ကို သုတ်သင်တတ်၏။ အစာကို ကျက်စေတတ်၏” ဤငါးပါးကို မြတ်စွာဘုရားဟောကြားထားတော်မူသည်။ ထို့ကြောင့် တပို့တွဲလတွင် ရဟန်းတို့နှင့် အလွန်သင့်မြတ်သည့် ယာဂုလှူဒါန်းခြင်းကို ပြုလုပ်ကြသည်။

ယာဂုအလှူတော်သည် ရှေးကာလက မြန်မာတို့၏ ရိုးရာဓလေ့ဖြစ်သည်။ ယုဒသန်၏ မြန်မာ–အင်္ဂလိပ် အဘိဓာန်တွင် ယာဂုကို “ a certain preparation of boiled rice mixed with sundry ingredients, one kind of ထမင်းနယ်၊ တပို့တွဲလပြည့် ယာဂုထိုးပွဲ”ဟု ဖွင့်ဆိုထားသည်။ ဤအဘိဓာန်၏ ဖွင့်ဆိုချက်အရ ယာဂုသည် ယခုအခါ ဤကာလတွင် အနယ်နယ်အရပ်ရပ်၌ ထိုးကြသော ထမနဲနှင့်နီးစပ်နေသည်။ ယာဂု(ဆန်ပြုတ်)ဖြစ်စေ၊ ထမနဲဖြစ်စေ ယခုရာသီကာလအတွက် အလွန်သင့်မြတ်သည့် မြန်မာ့ရိုးရာအစားအစာဖြစ်သည်။ တပို့တွဲလ ထမနဲထိုးပွဲများကို မြန်မာ့ရိုးရာအစဉ်အလာဖြင့် ပျော်ရွှင်စွာဆင်နွှဲကြပြီး ဝေငှလှူဒါန်းကြသည်မှာ ကောင်းခြင်းဝေဆာပြည့်စုံစေပါသည်။

ဂန္ဓဝင်စာပေတို့၌ ထမနဲကို ယာဂုဟုသာ ဆိုမိန့်ထားသည်။ ယခုအခါ ထမနဲထိုးကြသည်ဟုခေါ်ဆိုကြ၍ ယာဂုထိုးသည်ဟုမဆိုကြပေ။ ယာဂုကျိုသည်ဟုသာ ဆိုသည်။ ထမနဲကို အချို့က နှမ်းမနဲဟုလည်းဆိုကြသည်။ ယာဂု သို့မဟုတ် ထမနဲ တစ်ဒယ်ထိုးရာတွင် ကောက်ညှင်းဆန်၊ ဆီ၊ မြေပဲ၊ နှမ်း၊ အုန်းသီး၊ ဆား၊ ချင်း (ဂျင်း) တို့ကို အချိုးကျထည့်သွင်းကျိုကြသည်။ ထမနဲ၏အကျိုးသွားမှာ ယာဂုအကျိုးသွားနှင့်အတူတူပင်ဖြစ်သည်။ ဤရာသီတွင် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာတစ်ခုဖြစ်သလို ကျန်းမာရေးနှင့်ညီညွတ်သော ရာသီစာကာလဖြစ်၍ အစဉ်အလာ မပျက် ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်း။ ။

(၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး သဘောရေးဖြေစာမေးပွဲ ကျင်းပ

ရန်ကုန် ဧနှစ်နဝါရီ ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၇၅)ကြိမ်မြောက် စိန်ရတု တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး သဘောရေးဖြေစာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသဏာလိုဏ်ဂူ၌ ဧနှစ်နဝါရီ ၂၀ ရက်မှစ၍ ဧနှစ်နဝါရီ ၂၄ ရက်အထိ ဖြေဆိုကျင်းပသွားမည်ဖြစ်သည်။

ယနေ့ သဘောရေးဖြေစာမေးပွဲတွင် အဘိဓမ္မာ (ဒုတိယပိုင်း)စာရင်းသွင်း ခြောက်ပါး၊ အဘိဓမ္မာ (ပထမပိုင်း) စာရင်းသွင်း ၁၁ပါး၊ ဒီဃနိကာယ်စာရင်းသွင်း ၂၈ပါး၊ ဝိနည်း(ဒုတိယပိုင်း)စာရင်းသွင်း ၅၉ပါး၊ ဝိနည်း(ပထမပိုင်း)စာရင်းသွင်း အပါး ၉၀ စုစုပေါင်း ဆရာတော် ၁၉၄ ပါး ဖြေဆိုရန်စာရင်းသွင်းထားပြီး ယခုလာရောက်ဖြေဆိုသူဆရာတော် အဘိဓမ္မာ (ဒုတိယပိုင်း) ခြောက်ပါး၊ အဘိဓမ္မာ(ပထမပိုင်း) ရှစ်ပါး၊ ဒီဃနိကာယ် ၂၇ ပါး၊ ဝိနည်း(ပထမပိုင်း) ၇၉ ပါး စုစုပေါင်းအပါး ၁၂၀ တို့ ဖြေဆိုကြကာ ဝိနည်း (ဒုတိယပိုင်း) ၅၉ ပါးသည် ဧနှစ်နဝါရီ ၂၂ ရက်မှစ၍ ၂၄ ရက်အထိ ဖြေဆိုကြမည်ဖြစ်ကြောင်းသိရသည်။

ဇော်မင်းလတ်(သတင်းစဉ်)

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀- ၁ -၂၀၂၃)

ကုမ္ပဏီ အမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ စောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၆၀၀	၈,၆၀၀	၁၂၉	၁,၁၀၉,၄၀၀
MTSH	၃,၃၀၀	၃,၂၅၀	၁,၁၀၁	၃,၅၇၈,၃၀၀
MCB	၇,၅၀၀	၇,၅၀၀	၉၃၇	၇,၀၂၇,၅၀၀

FPB	၁,၈၅၀	၁,၈၀၀	၂,၀၁၀	၃,၆၂၂,၄၅၀
TMH	၂,၆၀၀	၂,၆၀၀	၀	၀
EFR	၂,၆၅၀	၂,၆၅၀	၂၀၅	၅၄၃,၂၅၀
AMATA	၄,၉၀၀	၄,၉၀၀	၂၃၈	၁,၁၆၆,၂၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧနှစ်နဝါရီ ၂၀

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ) ဥရောပ	တစ်ယူရို	=	၂၂၇၆.၂
(ဂ) တရုတ်	တစ်ယွမ်	=	၃၀၉.၅၂
(ဃ) ထိုင်း	တစ်ဘတ်	=	၆၄.၀၀၅
(င) မလေးရှား	တစ်ရင်းဂစ်	=	၄၉၀.၀၂
(စ) အိန္ဒိယ	တစ်ရူပီး	=	၂၅.၈၇၄
(ဆ) သြစတြေးလျ	တစ်ဒေါ်လာ	=	၁၄၅၆.၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၁၅၈၈.၄
(ဈ) ဂျပန်	တစ်ရာယန်း	=	၁၆၂၀.၆
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၆၉.၉၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊
စာတည်းမှူး	- ဦးဝင်းနိုင်	သတင်းထောက်များ	ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အင်ယတန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်၊	စာပြင်	- ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဦးကျော်သူရနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂုဂ၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၅ စီမံ/ဌေးရင်း ၀၁-၂၉၁၄၄၅၅ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့ သီးခြားတွေ့ဆုံ၍ တပ်မတော်နှစ်ရပ်အကြား ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့ အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန် လဲလှယ်ကြစဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းဘုရင့် တပ်မတော်မှ အရာရှိကြီးများ၊ နှစ်နိုင်ငံစစ်သံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေး

ဦးစွာ (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၏ မြန်မာဘက်ပူးတွဲဥက္ကဋ္ဌဖြစ်သူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့(၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မြန်မာ့တပ်မတော်မှ အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်ခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ ခိုင်မာပြီး ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးကို ရှေးယခင်ကတည်းကပင် တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်ရန် ရည်ရွယ်ပြီး မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ၂၀၁၃ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်နှစ်ရပ်အကြား နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည့် တပ်မတော်နှစ်ရပ်မှ အရာရှိကြီးများ အပြန်အလှန်ခရီးစဉ်များ၊ (ကြည်း၊ ရေ၊ လေ) ကဏ္ဍအလိုက် အစည်းအဝေးများ၊ နယ်ခြားကော်မတီ အစည်းအဝေးများနှင့် အားကစားပြိုင်ပွဲများကို ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ကိုဗစ်ရောဂါဖြစ်ပွားမှုအခြေအနေများကြောင့် ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ အချို့သော အစည်းအဝေးများကို Video Conferencing ဖြင့်သာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း။

ယုံကြည်

ယခု ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှတစ်ဆင့် တပ်မတော်နှစ်ရပ်အကြား ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုတိုးတက်အားကောင်းလာစေရန် တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးတို့ကို အရှိန်အဟုန်မပျက်စေဘဲ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အခိုင်အမာပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၏ ထိုင်းဘက်ပူးတွဲဥက္ကဋ္ဌဖြစ်သူ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က **စာမျက်နှာ ၄ သို့ ☆**

☆ မိမိတို့နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ ခိုင်မာပြီး ချစ်ခင်ရင်းနှီးသည့် ဆက်ဆံရေးကို ရှေးယခင်ကတည်းကပင် တည်ဆောက်ထားပြီးဖြစ်

☆ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်ရန် ရည်ရွယ်ပြီး မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ၂၀၁၃ ခုနှစ်မှစတင်၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်

☆ ယခုကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှတစ်ဆင့် တပ်မတော်နှစ်ရပ်အကြား ယုံကြည်မှု၊ အပြန်အလှန် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုတိုးတက်အားကောင်းလာစေရန် တည်ဆောက်နိုင်မည်ဟု ယုံကြည်

(၈)ကြိမ်မြောက် မြန်မာ – ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပစဉ်။

ယခုပြုလုပ်သည့် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသမှ ပြည်သူလူထုများ အေးချမ်းတည်ငြိမ်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များကို အပြုသဘောဆောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့

☆ **စာမျက်နှာ ၃ မှ**

အဖွင့်အမှာစကား ပြောကြားရာတွင် မိမိနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား မြန်မာ့တပ်မတော်မှ နွေးထွေးရင်းနှီးစွာ ကြိုဆိုခဲ့သည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် ပူးတွဲအစည်းအဝေးများ ကျင်းပနိုင်ခဲ့ခြင်းမရှိသော်လည်း မြန်မာ့တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍများကို မိမိအနေဖြင့် အမြဲဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်ချိန်တွင်လည်း ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခုကဲ့သို့ မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများ ကျင်းပနိုင်ခြင်းဖြင့် တပ်မတော် နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်နိုင်မည့် လမ်းကြောင်းနှင့် နည်းလမ်းများကို ချမှတ်နိုင်မည့်အပြင် နယ်စပ်ဒေသရှိတပ်ဖွဲ့များအနေဖြင့်လည်း ချမှတ်ထားသည့် လမ်းကြောင်းများအတိုင်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသတစ်လျှောက်ရှိ နှစ်နိုင်ငံပြည်သူများအတွက် အသက်အိုးအိမ်စည်းစိမ်၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တည်ဆောက် သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ထာဝရမိတ်ဆွေကောင်း

မိမိအနေဖြင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ၏ ရိုရင်းစွဲဆက်ဆံရေးနှင့် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေရေး ထာဝရရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုင်းတပ်မတော်နှင့် မြန်မာ့တပ်မတော်ကို ထာဝရမိတ်ဆွေကောင်းအဖြစ် ဆက်လက်တည်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်တို့က အစည်းအဝေး အစီအစဉ်များကို အတည်ပြုကြသည်။

ယင်းနောက် (၃၄)ကြိမ်မြောက် မြန်မာ-ထိုင်း နယ်ခြားကော်မတီ အစည်းအဝေး၏ ရလဒ်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးခင်လှိုင်ကလည်းကောင်း၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးနိုင်ခဲ့သည့် ကိစ္စရပ်များအား အခမ်းအနားမှူးကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက 8th High Level Committee Meeting ၌ ဆွေးနွေးမည့် အကြောင်းအရာများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်တို့သည် အစည်းအဝေး သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်တို့သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်တို့သည် အစည်းအဝေး တက်ရောက်လာကြသည့် နှစ်နိုင်ငံ တပ်မတော် အရာရှိကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆွေးနွေးဆောင်ရွက်နိုင်ခဲ့

ယခုပြုလုပ်သည့် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသမှ ပြည်သူလူထုများ အေးချမ်းတည်ငြိမ်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များကို အပြုသဘောဆောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

အစည်းအဝေး အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့ အစည်းအဝေးတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။

ခရီးသွားလုပ်ငန်းသည် ဒေသရှိ သဘာဝသယံဇာတ အရင်းအနှီးများကို အကျိုးရှိစွာအသုံးချ၍ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်အောင် ဆောင်ရွက်

နေပြည်တော် ဧန်နဝါရီ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင် များအား ယနေ့ မွန်းလွဲပိုင်းတွင် သံတွဲမြို့ရှိ Pristine Mermaid Resort ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်ကျော်ထွန်း၊ ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သံတွဲမြို့နယ်အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ

ဦးစွာ ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် သံတွဲခရိုင် ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးချစ်တို့က ရခိုင်ပြည်နယ်အတွင်းနှင့် သံတွဲခရိုင်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းလိုင်စင်များ ထုတ်ပေးထားရှိမှု၊ ပြည်တွင်း ပြည်ပ ခရီးသည်များ ဝင်ရောက်လျက်ရှိမှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ အပန်းဖြေကမ်းခြေခရီးစဉ်ဒေသများ တိုးမြှင့်ဖော်ဆောင်လျက်ရှိမှု၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်လျက်ရှိမှု၊ ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု၊ ခရီးစဉ်ဒေသဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ Gust List Management System ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်မျိုးမင်းဒင်၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ရခိုင်ဇုန်) ဥက္ကဋ္ဌ Bay View Hotel ပိုင်ရှင် ဦးသန်းဦးနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့် ဒေသခံများက လေကြောင်းလိုင်းပြေးဆွဲမှုများ နည်းပါးသွားသည့်အတွက် ခရီးသွားဝင်ရောက်မှုများ နည်းပါးလျက်ရှိမှု၊ သံတွဲလေဆိပ်ကို အပြည်ပြည်ဆိုင်ရာ လေဆိပ်အဖြစ် တိုးချဲ့တည်ဆောက်နိုင်မည်ဆိုပါက ပြည်တွင်း ပြည်ပ ခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်မှု၊ ရန်ကုန်-ငပလီသွားကားလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်မှု၊ လျှပ်စစ်ဓာတ်အားလိုအပ်မှု၊ ငပလီဟိုတယ်ဇုန် သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု၊ ရေလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်စေရေး ရေလုပ်ငန်းဇုန်တစ်ခုကန့်သတ်၍ ဖွင့်လှစ်ပေးရန် လိုအပ်လျက်ရှိမှု၊ ကမ်းခြေသဘာဝအလှအပများ ပျက်စီးမှုများမဖြစ်ပေါ်စေရေးအတွက် သဲထုတ်လုပ်မှုများကို ထိန်းသိမ်းကြပ်မတ်ပေးရန်နှင့် နေရာသတ်မှတ်ပေးရန် လိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြား

တင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ထမ်းများအားလုံး ကိုဗစ်-၁၉ ကာကွယ်ဆေးများ စနစ်တကျထိုးနှံထားရှိရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လေကြောင်းလိုင်းများ အမြဲမပြတ် ပြေးဆွဲစေရေးအတွက် ခရီးသွားလုပ်ငန်း ဆောင်ရွက်နေသူများနှင့် လေကြောင်းလိုင်းလုပ်ငန်းများ ဆောင်ရွက်နေသူများ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ငပလီလေဆိပ်အား အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းအတွက် ပိုမိုအထောက်အကူပြုနိုင်သဖြင့် လေဆိပ်အား အဆင့်မြှင့်တင်နိုင်ရေး နိုင်ငံတော်မှ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငပလီဒေသအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားရရှိရေး သူဌေးရေအား လျှပ်စစ်စီမံကိန်းကို ယခင်ကတည်းက အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ယခုအခါ အဆိုပါစီမံကိန်းအား အကောင်အထည်ဖော်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလော လျှပ်စစ်မီးလိုအပ်ချက်အား နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲခြင်းဖြင့် အထောက်အကူပြုနိုင်ကြောင်း၊ အလားတူ စပါးခွံသုံး Gastifier စနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ လေအားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ ရေလုပ်ငန်းနှင့် ပတ်သက်၍ စနစ်တကျဖြင့် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် တည်းခိုရေး တစ်ခုတည်းသာမကဘဲ များစွာ ကျယ်ပြန့်ကြောင်း၊ ထို့ကြောင့်အခြား ကဏ္ဍများဖြင့်လည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆောင်ရွက်ခြင်းဖြင့် တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ခရီးသွားလုပ်ငန်းသည် ဒေသရှိ သဘာဝသယံဇာတ အရင်းအနှီးများကို အကျိုးရှိစွာ အသုံးချ၍ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ခရီးသွားလုပ်ငန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး MSME လုပ်ငန်းများတွင် ပါဝင်ပြီး နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ MSME လုပ်ငန်းများတွင် ထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် ဝန်ဆောင်မှုဟူ၍ ရှိကြောင်း၊ ခရီးသွားလုပ်ငန်းတွင် ခရီးသွားသူများနှင့် ခရီးသွားဝန်ဆောင်မှု လုပ်ငန်းရှင်များ အချင်းချင်း နှစ်ဦးနှစ်ဖက် နားလည်မှုဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပြီး စနစ်တကျရှိရန် လိုကြောင်း၊ သယ်ယူပို့ဆောင်ရေး၊ ချက်ပြုတ်ကျွေးမွေးရေးနှင့် တစ်ဦးချင်း ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများ၊ အသုံးအဆောင် ပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများ လည်း ပါဝင်ကြောင်း၊ အလားတူ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးသည်လည်း အရေးကြီးသည့် အချက်တစ်ခုဖြစ်ပြီး ငပလီကမ်းခြေသည် သာယာလှပသည့် ကမ်းခြေတစ်ခုဖြစ်ကာ ပြည်ပခရီးသွားဧည့်သည်များကပင် ချီးကျူးနှစ်သက်ရသည့် ကမ်းခြေတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့၏ ရှိပြီးသားဖြစ်သည့် အားသာချက်များကို အသုံးချပြီး ခရီးသွားဧည့်သည်တို့၏ သဘောသဘာဝကို သိရှိအောင် ဆောင်ရွက်ကာ ဒေသတွင်းသို့ ခရီးသွားများ ပိုမိုဝင်ရောက်စေရေး လုပ်ဆောင်ကြရန်လိုကြောင်း။

လုပ်ငန်းတစ်ခု အောင်မြင်ရေးအတွက် အခြေခံအားဖြင့် လူသားအရင်းအမြစ်များ၊ အရင်းအနှီး၊ ကုန်ကြမ်းနှင့် နည်းပညာများ လိုအပ်မည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဒေသရှိ သဘာဝသယံဇာတ အရင်းအနှီးများကို အကျိုးရှိစွာအသုံးချ၍ ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ရန်အတွက် လူသားအရင်းအမြစ်ကောင်းများကိုလည်း စနစ်တကျ မွေးမြူဆောင်ရွက်ရန် အဓိကလိုအပ်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် လေ့ကျင့်သင်ကြားပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အရည်အချင်းရှိပြီး

စာမျက်နှာ ၆ သို့ *

- **ငပလီလေဆိပ်အား အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် အဆင့်မြှင့်တင်နိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်းအတွက် ပိုမိုအထောက်အကူပြုနိုင်သဖြင့် လေဆိပ်အား အဆင့်မြှင့်တင်နိုင်ရေး နိုင်ငံတော်မှ စီမံဆောင်ရွက်သွားမည်**
- **ခရီးသွားလုပ်ငန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး MSME လုပ်ငန်းများတွင် ပါဝင်ပြီး နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိ**
- **မိမိတို့၏ ရှိပြီးသားဖြစ်သည့် အားသာချက်များကို အသုံးချပြီး ခရီးသွားဧည့်သည်တို့၏ သဘောသဘာဝကို သိရှိအောင်ဆောင်ရွက်ကာ ဒေသတွင်းသို့ ခရီးသွားများ ပိုမိုဝင်ရောက်စေရေး လုပ်ဆောင်ကြရန်လို**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သံတွဲမြို့ လေယာဉ်ကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

* စာမျက်နှာ ၅ မှ

ကျွမ်းကျင်သည့် ဝန်ထမ်းများ ရှိမှသာလျှင် ဝန်ဆောင်မှုလုပ်ငန်း၌ ကောင်းမွန်သည့်ရလဒ်ကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကို မဖြစ်မနေ အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရေးကို အားပေးဆောင်ရွက်ပြီး ဒေသတွင်း ပညာတတ်များ ပေါကြွယ်ဝစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အိမ်သာယာမှုသာလျှင် ဧည့်လာမည်

ဒေသတွင်းရှိ ရေးဟောင်းအမွေအနှစ်များ၊ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် အဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများအားလုံး သန့်ရှင်းသာယာလှပစေရေး၊ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်နှင့် လမ်းများအားလုံး သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ အမြင်တင့်တယ်မှုရှိစေရေး ဒေသအလိုက် တာဝန်ရှိသူများနှင့် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသသို့လာရောက်လည်ပတ်သူများ စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်စေရေးအတွက် Green Zone များကိုလည်း ဖန်တီးပေးရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ထားရှိခြင်းအားဖြင့် ဒေသတွင်းသို့ လာရောက်လည်ပတ်သူများ ဝင်ရောက်မှု ပိုမိုများပြားလာပြီး ဒေသတွင်းငွေကြေးလည်ပတ်မှု အားကောင်းလာမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ အိမ်သာယာမှုသာလျှင် ဧည့်လာမည်ဖြစ်ကြောင်း။

ဒေသတွင်း တာဝန်ကျသည့် အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးတို့အတွက် စည်းကမ်းပိုင်းဆိုင်ရာများကို ဥပဒေနှင့်အညီ တိကျစွာ ကိုင်တွယ်ဆောင်ရွက်ရန် လိုကြောင်း၊ ဒေသနှင့် တိုင်းပြည်၏ ရေရှည်အကျိုးကိုကြည့်၍ မိမိ၏ တာဝန်များကို ကျေပွန်အောင် တိတိကျကျဖြင့် အမှန်းခံပြောဆိုဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဥပဒေမဲ့ ဆောင်ရွက်နေမှုများအားပြောဆို သတိပေးရမည်များကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက နောင်တစ်ချိန်တွင် ဒေသနှင့် တိုင်းပြည်၏ အကျိုးစီးပွားကို ကြီးမားစွာ သက်ရောက်ထိခိုက်စေနိုင်မည်ကို တာဝန်ရှိသည့် အုပ်ချုပ်သူ တာဝန်ရှိသူများအနေဖြင့် သတိပြု ဆောင်ရွက်ကြစေလိုကြောင်း၊ ငပလီဒေသအတွင်းရှိ လမ်းများ စနစ်တကျရှိစေရေး၊ လမ်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ လမ်းပခုံးများ ကောင်းမွန်စေရေး၊ လမ်းအင်္ဂါရပ်များနှင့် ညီညွတ်စေရေးနှင့် လမ်းညွှန်ဆိုင်းဘုတ်များ စနစ်တကျ ရှိစေရေး၊ လမ်းဇရိယာအတွင်း ကျော်လွန်ဝင်ရောက်၍ နေထိုင်ခြင်းနှင့် စျေးရောင်းချခြင်းများ မရှိစေရေး တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် အလေးထားကြပ်မတ် ဆောင်ရွက်ကြရန် လိုကြောင်း။

ဒေသမှ ထွက်ရှိသည့် ဒေသထွက် အစားအစာများဖြင့်လည်း ဒေသသို့ လာရောက်လည်ပတ်သူများပြားလာအောင် ဆွဲဆောင်နိုင်ကြောင်း၊ ဒေသထွက် သားငါးနှင့် သီးနှံများ၏ သန့်ရှင်းလတ်ဆတ်မှု၊ အနံ့အရသာပြည့်စုံမှုတို့ကို ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းဝန်ဆောင်မှုများတွင် အသုံးပြုသည့် အသားငါးနှင့် သစ်သီးဝလံများကို ဒေသခံများအားအောင်မြင်အောင် စိုက်ပျိုးစေခြင်းဖြင့် ဒေသခံများ၏ လူမှုစီးပွားဘဝကိုလည်း ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်သကဲ့သို့ မိမိတို့၏ ဧည့်သည်များကိုလည်း သန့်ရှင်းပြီး လတ်ဆတ်သည့် အစားအစာများဖြင့် ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းအောင်မြင်ခြင်းဖြင့် နိုင်ငံတွင်းရှိ ချည်ထည်ပစ္စည်း လုပ်ငန်းများကိုလည်း စျေးကွက်ရရှိအောင် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ ချည်ထည်ဖြင့် ထုတ်လုပ်ထားသော ချည်ထည်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် စီးပွားရေးမြှင့်တင်မှုကို အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေနှင့် လိုအပ်သည်များကို မူဝါဒအနေဖြင့် ချမှတ်ပေးသွားမည်ဖြစ်ပြီး လိုအပ်သည့် အခက်အခဲများကို မိမိတို့အနေဖြင့် အတတ်နိုင်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် လည်း မိမိတို့၏ လုပ်ငန်းများကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ သံတွဲမြို့ရှိ အောင်စစ်သည် အပန်းဖြေစခန်း (လင်းသာ) တည်ဆောက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သံတွဲမြို့ရှိ အောင်စစ်သည် အပန်းဖြေစခန်း(လင်းသာ) တည်ဆောက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များ အပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံတွဲမြို့လေဆိပ်သို့ ရောက်ရှိကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လေဆိပ်သမိုင်းအကျဉ်းနှင့် လေယာဉ်ကွင်းဆိုင်ရာ အချက်အလက်များ၊ လေယာဉ်ပြေးလမ်းကို အဆင့်ဆင့်တိုးချဲ့ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ လေယာဉ်ပြေးလမ်းနှင့် လေဆိပ်အဆင့်မြှင့်တင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သံတွဲလေဆိပ်ကို နိုင်ငံတကာလေဆိပ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသသို့ ခရီးသွားများ ပိုမိုဝင်ရောက်လာနိုင်ခြင်း၊ ဒေသထွက်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ခြင်းများကို ဆောင်ရွက်နိုင်သည့် အပြင် ရေထွက်ပစ္စည်းများကိုလည်း ပြည်ပသို့တိုက်ရိုက်တင်ပို့နိုင်မှုကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်သည့် အခြေအနေများကို ပြောကြားပြီး လေယာဉ်ပြေးလမ်းအား အဆင့်အလိုက် တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေယာဉ်ပြေးလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုပြီး လေယာဉ်ကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့်ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့အနုပညာရှင်များ၏ တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး(8th High Level Committee Meeting)သို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီး Madame Budsakorn Srisawasdi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က ယနေ့ညပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေရှိ Jasmine Ngapali Resort ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့သည် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ဇနီး Madame Budsakorn Srisawasdi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi တို့ (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးပုံးပျံ အတူတကွ လွှတ်တင်ကြစဉ်။

တပ်မတော် နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးပုံးပျံများကို တက်ရောက်လာကြသည့် နှစ်ဖက်တပ်မတော် အရာရှိကြီးများနှင့် အတူ အတူတကွ လွှတ်တင်ကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့သည် တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများနှင့် ဇနီးများ၊ နှစ်နိုင်ငံ စစ်သံမှူးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များ၊ အနုပညာဦးစီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အနုပညာရှင်များ၊ ပြင်ပအနုပညာရှင်များနှင့်ပြည်နယ် ယဉ်ကျေးမှုအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြသည်။

ဖျော်ဖြေမှုများ အပြီးတွင် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော် နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ဂုဏ်ပြုပစ်ဖောက်သည်။

အပြန်အလှန်ပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး တို့သည် သီဆိုကပြ ဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ သံတွဲမြို့ရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုပြီး အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှု

နေပြည်တော် ဧရာဝတီ ၂၀

မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ၏ ဇနီး Madame Budsakorn Srisawasdi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ၊ တပ်မတော် အရာရှိကြီးများ၏ ဇနီးတို့နှင့်အတူ ရခိုင်ပြည်နယ် သံတွဲမြို့ရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်ကြည်ညိုပြီး အထင်ကရနေရာများသို့ သွားရောက်လေ့လာသည်။

ဦးစွာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့်အဖွဲ့သည် နံနက်ပိုင်းတွင် တပ်မတော် အရာရှိကြီးများ၏ ဇနီးများနှင့်အတူ ရွှေအံတော်စေတီသို့ ရောက်ရှိကြရာ ဂေါပက အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်အား ဆီမီး၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းများ ကပ်လှူပူဇော်ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြသည်။ ယင်းနောက် ရွှေနံတော်စေတီသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မွန်းလွဲပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးနှင့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး၊ တပ်မတော်အရာရှိကြီးများ၏ ဇနီးများနှင့်အတူ Amazing Ngapali Resort သို့ သွားရောက်ကာ ရခိုင်ရိုးရာ ရက်ကန်းနှင့် ရိုးရာလက်မှုပစ္စည်းများကို လေ့လာကြည့်ရှုကြပြီး Amazing Ngapali Resort မှ ဖျော်ဖြေသည့် ရခိုင်ရိုးရာသီချင်း အကအလှများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရိုးရာအကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ၏ ဇနီး Madame Budsakorn Srisawasdi ရွှေအံတော်စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေ ပေးအပ်လှူဒါန်းစဉ်။

ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ၏ ဇနီး Madame Budsakorn Srisawasdi၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှတို့ ရခိုင်ရိုးရာ ရက်ကန်းနှင့် ရိုးရာလက်မှု ပစ္စည်းများကို လေ့လာကြည့်ရှုကြစဉ်။

ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ၏ ဇနီး Madame Budsakorn Srisawasdi၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှတို့ Amazing Ngapali Resort မှ ဖျော်ဖြေသည့် ရခိုင်ရိုးရာသီချင်း အကအလှများကို ကြည့်ရှုအားပေးကြစဉ်။

*** ကျောဖုံးမှ**

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်မည်ဆိုပါက အဆိုပါနိုင်ငံ၏ လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ဆန်းစစ်ခြင်းဖြင့် သိရှိနိုင်သည့်အတွက် စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ တိတိကျကျ မှန်မှန်ကန်ကန် ရရှိနိုင်ရေးသည် အလွန်အရေးကြီးသည်ကို တွေ့ရှိရကြောင်း၊ စာရင်းအင်းအချက်အလက်များသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေကို ထင်ဟပ်ဖော်ပြနေခြင်းဖြစ်၍ နိုင်ငံ၏ ကြေးမုံပြင်ဟုလည်း တင်စားညွှန်းဆိုလေ့ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရန် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအဖြစ် အသုံးပြုရသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းများမှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

မရှိမဖြစ်လိုအပ်

သန်းခေါင်စာရင်း၏ ထူးခြားသည့် ဝိသေသလက္ခဏာတစ်ခုအနေဖြင့် အုပ်ချုပ်မှုဇရယာ အသေးငယ်ဆုံးအဆင့်အထိ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ ကောက်ယူရရှိသည့် အချက်အလက်များသည် အုပ်ချုပ်မှုနယ်ပယ် အဆင့်တိုင်းအတွက် ထိရောက်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခြင်း၊ အထောက်အထားများအပေါ် အခြေခံသည့် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းစသည်များကို ဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်ကြောင်း၊ သန်းခေါင်စာရင်းမှရရှိလာသည့် အချက်အလက်များကို နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေချထားခြင်း၊ နယ်မြေဧရိယာနယ်နိမိတ်များ ပြန်လည်ဆန်းစစ်ခြင်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်း၊တံတားများစသည့်အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်းနှင့် သုတေသနလုပ်ငန်းများ အပါအဝင် လူတစ်ဦးချင်းမှသည် မိသားစုအလိုက်၊ ရပ်ကွက်နှင့်ကျေးရွာအလိုက်၊ မြို့ပြမှ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နောက်ဆုံး နိုင်ငံတော်အဆင့်အထိ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်သည့် UNFPA မှ ချမှတ်ပေးထားသည့် အချက်အလက်အသေးစိတ်များ ရရှိစုဆောင်းနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်အတွက် မရှိမဖြစ်များစွာအသုံးဝင်ကြောင်း။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှု သမိုင်းကြောင်းအခြေအနေကို ပြန်လည်လေ့လာသုံးသပ်ကြည့်မည်ဆိုလျှင် လွတ်လပ်ရေးမရမီကာလ ၁၈၇၂ ခုနှစ်၊ ၁၈၈၁ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၉၀၁ ခုနှစ်၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ်နှင့် ၁၉၄၁ ခုနှစ်တို့တွင် ရှစ်ကြိမ် ကောက်ယူခဲ့သည်ကို တွေ့ရကြောင်း၊ သန်းခေါင်စာရင်း အချက်အလက်များကို ယနေ့အထိ အသုံးပြုနေရဆဲဖြစ်ကြောင်း၊ ယနေ့မိမိတို့နိုင်ငံအပေါ် မလိုလားသည့် ပြည်ပနိုင်ငံတချို့၏ စွပ်စွဲထိုးနှက်နေသည့် ရိုဟင်ဂျာကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာလူမျိုးလုံးဝ မရှိခဲ့ကြောင်းကို ဗြိတိသျှကိုလိုနီလက်အောက် ၁၈၈၁ ခုနှစ် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်း အစီရင်ခံစာပါ လူမျိုးစာရင်းများအရ အခိုင်အမာသက်သေပြနိုင်ခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်မတ်လတွင် မြို့နယ်ပေါင်း ၂၅၂ မြို့နယ်နှင့် ချင်းပြည်နယ်ကို လည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် မြန်မာပြည် ပြည်မကျေးရွာအုပ်စု ၂၁၄၃ ခုနှင့် ကချင်ပြည်နယ်ရှိ ကျေးရွာအုပ်စု ၁၀၁၆ ခုတွင် လည်းကောင်း လူဦးရေသန်းခေါင်စာရင်းကောက်ယူခဲ့ကြောင်း မှတ်တမ်းများအရ သိရကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ကောက်ယူနိုင်ခဲ့သည့် ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ် စုစုပေါင်း သုံးကြိမ် ကောက်ယူနိုင်ခဲ့ကြောင်း၊ ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကောက်ယူပြီးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် နှစ်ပေါင်း ၃၀ ကြာ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိခဲ့သည့် ၁၉၈၃ ခုနှစ် စာရင်းပေါ်တွင် အခြေခံပြီး လူဦးရေအပါအဝင် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိမှုနှင့် အသုံးပြုမှုများ ကြောင့်လည်း အားနည်းချက်များ အနည်းနှင့်အများ ဖြစ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

အောင်မြင်စွာကောက်ယူနိုင်ခဲ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၄ ခုနှစ် ရောက်မှသာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အောင်မြင်စွာကောက်ယူနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် လိုအပ်နေသည့် စာရင်းအင်းဆိုင်ရာ အချက်အလက်အတော်များများ ရရှိခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံအတွင်း လူဦးရေဆိုင်ရာပြောင်းလဲမှုများ လျင်မြန်စွာ ဖြစ်ပေါ်နေချိန်တွင် စာရင်းအင်းအချက်အလက် လိုအပ်နေမှုကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းနိုင်ရန် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ၂၀၁၉ ခုနှစ်တွင် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ကြောင်း၊ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များစွာကို ပံ့ပိုးပေးနိုင်ခဲ့ပြီး စာရင်းအင်းအချက်အလက် အသုံးပြုမှု ပိုမိုအားကောင်းလာသည်ကို တွေ့ရကြောင်း။

နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သည့် သန်းခေါင်စာရင်းကောက်ယူခြင်း အတွေ့အကြုံများအရ လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်ပြီး ကုန်ကျစရိတ်များပြားခြင်းကြောင့် ကမ္ဘာ့နိုင်ငံအများစုတွင် ၁၀ နှစ်လျှင် တစ်ကြိမ်သာ လူဦးရေသန်းခေါင်စာရင်းများကို ကောက်ယူလေ့ရှိ

> **❖ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်မည်ဆိုပါက အဆိုပါနိုင်ငံ၏ လူမှုစီးပွားဆိုင်ရာ စာရင်းအင်းအချက်အလက်များကို ဆန်းစစ်ခြင်းဖြင့် သိရှိနိုင်သည့်အတွက် စာရင်းအင်းဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ တိတိကျကျ မှန်မှန်ကန်ကန်ရရှိနိုင်ရေးသည် အလွန်အရေးကြီး**
>
> **❖ နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရန် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခြေခံအဖြစ် အသုံးပြုရသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို သန်းခေါင်စာရင်းများမှသာ ရရှိနိုင်မည်**

သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လူဦးရေစာရင်းကောက်ယူနိုင်သည့်အတွက်လည်း တစ်ကမ္ဘာလုံးနှင့် ယှဉ်ပြီး နိုင်ငံအချို့၏ လူဦးရေစာရင်း အတိအကျ မကောက်ယူနိုင်သော်လည်း ပျမ်းမျှလူဦးရေတိုးပွားနှုန်းနှင့် လျော့ကျမှုနှုန်းကို မူတည်၍ ကမ္ဘာ့လူဦးရေကို နှစ်အလိုက် လိုအပ်သလို ထုတ်ပြန်နိုင်ခြင်းဖြင့် နောက်ဆက်တွဲ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လူမှုရေးဆိုင်ရာ အချက်အလက်ကိန်းဂဏန်းများကို ရရှိစေခဲ့ကြောင်း၊ ထို့ကြောင့် ၁၉၉၉ ခုနှစ်တွင် တစ်ကမ္ဘာလုံး လူဦးရေသည် ၆ ဘီလီယံခန့်ရှိရာမှ ၂၀၁၁ ခုနှစ်တွင် ခန့်မှန်း ၇ ဘီလီယံခန့်၊ ၂၀၂၂-၂၀၂၃ တွင် ၈ ဘီလီယံခန့်ရှိမည်ဟု ခန့်မှန်းချက်များ တွက်ချက်ထွက်ပေါ်လာခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းသည် မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်အတွက် မှတ်ပုံတင် စာရင်းအင်းအချက်အလက်များ အပြည့်အစုံရှိသည့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် သန်းခေါင်စာရင်းကို ပုံမှန်ကောက်ယူနေဆဲဖြစ်၍ မြန်မာနိုင်ငံတွင် လည်း ၂၀၁၄ သန်းခေါင်စာရင်းအပြီး (၁၀)နှစ်အကြာ ၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူရမည်ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်တွင် ကောက်ယူရန်လျာထားဆောင်ရွက်လျက်ရှိသည့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို လုပ်ငန်းအဆင့်တိုင်းတွင် အချိန်နှင့်တစ်ပြေးညီ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေအရ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၇-၆-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၂၀၂၂ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ အဆိုပါအမိန့်ကြော်ငြာစာအရ မိမိအနေဖြင့် ဗဟိုသန်းခေါင်စာရင်းကော်မရှင် နာယကအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ ကျင်းပသည့် အစည်းအဝေးသည် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အဖွဲ့ဝင်များနှင့် ပထမဆုံး အကြိမ်တွေ့ဆုံသည့် အစည်းအဝေးဖြစ်ကြောင်း။

အထူးအားဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီ ဖြစ်ပေါ်လာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဖြစ်ပေါ်လာစေရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် တိကျမှန်ကန်သည့် လူဦးရေနှင့် လူမှုစီးပွားရေး အခြေအနေများကို အုပ်ချုပ်မှုဒေသ အသေးငယ်ဆုံး အဆင့်ထိ ရရှိနိုင်ရန် သန်းခေါင်စာရင်းကို မဖြစ်မနေ ကောက်ယူရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ အန္တရာယ်ဆိုးကြီး၏ အကျိုးဆက်များကို ဆန်းစစ်လေ့လာသုံးသပ်ရန်နှင့် ပြန်လည်ကုစားရေး အစီအစဉ်များကို စနစ်တကျရေးဆွဲနိုင်ရန် တိကျမှန်ကန်သည့် စာရင်းအင်းအချက်အလက်များ လည်း လိုအပ်ကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက လမ်းညွှန်ခွင့်ပြုခဲ့ပြီး၍ နိုင်ငံတော်၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရသည့် ရည်ရွယ်ချက်များအနေဖြင့် မြန်မာနိုင်ငံ၏ တိကျမှန်ကန်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ရရှိရန်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြား မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာ သုတေသနပြုလုပ်ပြီး လိုအပ်သည့် မူဝါဒများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက် ချမှတ်ဆောင်ရွက်မည့် စီမံကိန်းများကို အထောက်အကူပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းနှင့် အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတို့ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် အညွှန်းကိန်းများကို နောက်ဆုံးအခြေအနေနှင့်အညီ ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားစာရင်းအင်းစနစ်၏ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့် မဟာဗျူဟာကို အထောက်အပံ့ပြုနိုင်ရန်ဖြစ်ကြောင်း။

အားလုံးနှင့်သက်ဆိုင်

သန်းခေါင်စာရင်းက ရရှိလာသည့်အချက်အလက်များသည် နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများအားလုံး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်သူ့ပြည်သားအားလုံးနှင့် သက်ဆိုင်ကြောင်း၊ သန်းခေါင်စာရင်းကသာလျှင် နိုင်ငံအတွင်း နေထိုင်သူများ၏ လူတစ်ဦးချင်းစီမှ အဖွဲ့အစည်းအုပ်စုလိုက်၊ တစ်နိုင်လုံးအတိုင်းအတာအရ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးများအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သူများ ကယ်ဆယ်ရေးစသည့် အခြားသော ဘက်စုံကဏ္ဍများ အတွက်ပါ လိုအပ်သည့် အချက်အလက်များရရှိစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက အဓိက ဆောင်ရွက်ရမည်ဖြစ်ပြီး ဆက်စပ်ပတ်သက်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံသူ နိုင်ငံသားအားလုံးအနေဖြင့်လည်း ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း။

သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ဆက်စပ်ဝန်ကြီးဌာနများနှင့် မေပြင်တွင် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများ များပြားသည့်အတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်အောက်တွင် လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် တိုက်ရိုက်ညွှန်ကြားကွပ်ကဲနိုင်မည့် ဗဟိုသန်းခေါင်စာရင်းကော်မတီကို ဖွဲ့စည်းရန် လိုအပ်ကြောင်း၊ ထို့ပြင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအဆင့်အထိ သန်းခေါင်စာရင်းကော်မတီများကိုလည်း ဆက်လက်ဖွဲ့စည်းပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးတွင် ဗဟိုသန်းခေါင်စာရင်းကော်မတီဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရေး၊ သန်းခေါင်စာရင်းကော်မတီအဆင့်ဆင့် ဖွဲ့စည်းနိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်ရေးကို အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်ခြင်းကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် နည်းပညာအပါအဝင် ရိုနှင့်ပြီးဖြစ်သည့် ရင်းမြစ်များကို မျှဝေသုံးစွဲကြရန်နှင့် ဝိုင်းဝန်းကူညီပံ့ပိုးကြရန် အလေးအနက်မှာကြားလိုကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အချိန်နှင့်ငွေကြေးများစွာ ရင်းနှီးစိုက်ထုတ်ရသည့်အပြင် သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံအဆင့်အရေးကြီးပြီး အသုံးဝင်သည့် အချက်အလက်များဖြစ်သည့်အတွက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် အတွင်းရေးမှူး(၁) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်က ဗဟိုသန်းခေါင်စာရင်းကော်မတီနှင့် ကော်မတီအဆင့်အဆင့် ဖွဲ့စည်းနိုင်ရေးနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မရှင်အဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူရေး ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ယဉ်ဦးက အစည်းအဝေး ဆုံးဖြတ်ချက်များအား ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားကာ နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်မြို့ရှိ ဌာနများ၏ လုပ်ငန်းဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧရာဝတီ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ယနေ့တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့စာတိုက်လုပ်ငန်း၏ စာရွေးစာပို့စခန်း(ရန်ကုန်)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Call Center၊ မင်္ဂလာဒုံမြို့နယ်ရှိ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနရုံးချုပ်နှင့် မြန်မာအမျိုးသားလေကြောင်းရုံးချုပ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



မှာကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မရမ်းကုန်းမြို့နယ် (၈)မိုင်လမ်းဆုံရှိ မြန်မာ့စာတိုက်လုပ်ငန်းစာရွေးစာပို့ စခန်း(ရန်ကုန်)သို့ရောက်ရှိပြီး မြန်မာ့စာတိုက်လုပ်ငန်းမှ အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏စာပို့လုပ်ငန်း ကွန်ရက်အတွင်း လုပ်ငန်းပိုမိုထိရောက်အောင်မြင်ရေးအတွက် ယခုကဲ့သို့ အခြေခံအဆောက်အအုံများကို ရန်ကုန်နှင့်မန္တလေးမြို့ကြီးများအပြင် အခြားဒေသများ၌ပါ လိုအပ်ချက်အခြေအနေများကို သုံးသပ်၍ ဆောက်လုပ်နိုင်ရန် Master Plan ရေးဆွဲလျှောထား ဆောင်ရွက်ထားရှိရေး၊ ယခုအဆောက်အအုံ၏ တည်နေရာ အချက်အချာကျမှု အနေအထားအရ လုပ်ငန်းစဉ်များကို အထိရောက်ဆုံး အကျိုးရှိအောင် စီမံဆောင်ရွက်နိုင်ရေး၊ အဆောက်အအုံရေရှည်တည်တံ့ခိုင်ခံ့စေရေး၊ လိုအပ်သည့် လုံခြုံရေးနှင့် မီးဘေးကာကွယ်ရေးဆိုင်ရာ ကိရိယာပစ္စည်းများ စနစ်တကျ တပ်ဆင်အသုံးပြုရေးနှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက စနစ်တကျဆောင်ရွက်နိုင်ရေးအတွက်ကြိုတင်လေ့ကျင့် ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အဆောက်အအုံသစ်၌ လုပ်ငန်းဆောင်ရွက်နေကြသည့် စာရွေးစာပို့လုပ်ငန်းစဉ်များကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ Call Center အဆောက်အအုံသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ဌာနဝန်ထမ်းများအနေဖြင့် သုံးစွဲသူများ၏ လိုအပ်ချက် အခက်အခဲများကို သိရှိရမည်ဖြစ်ပြီး နွေးထွေးပျူဂျာစွာဖြင့် ပြည်သူလူထုနှင့် Public Relation ကောင်းမွန်စေရေး၊ အသုံးပြုနေသည့် စက်ပစ္စည်း Equipment များအား ပုံမှန်စစ်ဆေး၍ လိုအပ်သည့် အရန်ပစ္စည်းများ အဆင်သင့်ရှိနေရေး၊ အဆောက်အအုံ၊ ဝန်ထမ်းနှင့် စာရွက်စာတမ်းများ လုံခြုံရေးကို အလေးအနက်ထားရေး၊ ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုတိုးတက်အောင် လေ့ကျင့်ပေးရေး၊ ယနေ့ကာလတွင် မိုဘိုင်းတယ်လီဖုန်းစနစ်ကို တွင်ကျယ်စွာအသုံးပြုလျက်ရှိကြပြီဖြစ်သော်လည်း အော်တိုတယ်လီဖုန်းစနစ် ကောင်းမွန်စွာအသုံးပြုနိုင်ရေးအတွက်လည်း ဝန်ဆောင်မှုကောင်းများပေးရေးတို့ကို မှာကြားကာ Call Center ခန်းများ၌ ဝန်ထမ်းများ တာဝန်ထမ်းဆောင်နေမှု၊ ဌာန၏ဆက်သွယ်ရေးဆက်ကြောင်းများ စောင့်ကြည့်ထိန်းသိမ်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာဒုံမြို့နယ်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာန(ရုံးချုပ်)သို့ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ကွပ်ကဲ ဆောင်ရွက်နေသည့် ဌာနတစ်ခုဖြစ်ရာ လေကြောင်းလိုင်းများ၊ လေယာဉ်ကွင်းများနှင့် လေကြောင်းဖြင့် ခရီးသွားပြည်သူများ၏ ဘေးကင်းလုံခြုံမှုရှိစေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် နယ်လေဆိပ်များအားလုံး၏ လေဆိပ်အဆောက်အအုံ၊ လေယာဉ်ပြေးလမ်းနှင့် လေယာဉ်ကွင်းဧရိယာများကို သန့်ရှင်းသပ်ရပ်မှုရှိအောင် စီစဉ်ထားရှိ၍ တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန် အလေးထားမှာကြားလိုကြောင်း၊ နိုင်ငံတကာတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုများ ကျဆင်းလာသည်နှင့်အမျှ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ကိုဗစ်-၁၉ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ဖြေလျှော့ပေးလျက်ရှိရာ ပြည်တွင်းပြည်ပ ခရီးသွားလာမှုများ တဖြည်းဖြည်းပြန်လည်များပြားလာပြီး ခရီးသွားများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော ကုမ္ပဏီများ၊ မြေပြင်ဝန်ဆောင်မှုဆောင်ရွက်သည့်အဖွဲ့များကို SOP(Standard Operation Procedure) များနှင့်အညီ လိုက်နာဆောင်ရွက်ရေး အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်၊ ဌာနရှိ အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတွင်ရှိသည့် လုပ်ငန်းအတွေ့အကြုံ၊ လုပ်ငန်းကျွမ်းကျင်မှုများကို အသုံးချပြီး ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဌာန၏ ရည်မှန်းချက် တာဝန်များကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ရှင်းလင်းတင်ပြ

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ မြန်မာအမျိုးသားလေကြောင်းရုံးချုပ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် Board of Directors (BOD) အဖွဲ့ဝင်များက လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းအနေဖြင့် စျေးကွက်စီးပွားရေးစနစ်နှင့်အညီ အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းများနှင့် တန်းတူယှဉ်ပြိုင်နိုင်ရေး စျေးကွက်အခြေအနေကို အမြဲတမ်းလေ့လာ သုံးသပ်ပြီး မိမိလေကြောင်းလိုင်း အစဉ်ဖွံ့ဖြိုးတိုးတက်နေအောင် ကြိုးပမ်းရန် လိုအပ်ကြောင်း။

ထို့ပြင် ဝင်ငွေတိုးတက်ရရှိစေရေး ပြည်တွင်းပြည်ပခရီးစဉ်များ တိုးချဲ့ပျံသန်းခြင်း၊ လေယာဉ်မြေပြင်ဝန်ဆောင်မှုလုပ်ငန်းနှင့် ATR လေယာဉ် အကြီးစားပြင်ဆင်ရေးအလုပ်ရုံ လုပ်ငန်းအတွက် စျေးကွက်ရှာဖွေဆောင်ရွက်ခြင်း၊ အခြားလေကြောင်းလိုင်းနှင့်ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများ ရှာဖွေဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို အောင်မြင်အောင် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် လေကြောင်းလိုင်းအသုံး စရိတ်များကိုစိစစ်၍ လျှော့ချပြီး ဝင်ငွေတိုးတက်ရရှိအောင် အစဉ်မပြတ် သုံးသပ်ဆောင်ရွက်သွားကြရန်လိုကြောင်းတို့ကို မှာကြားပြီး ဝန်ထမ်းများကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဧရာဝတီ ၂၀

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုဂုဏ်ပြုယာဉ်၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းနှင့် ကဏ္ဍအသီးသီးတို့၌ ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရုံးအမှတ်(၁)၌ ကျင်းပသည်။

ဂုဏ်ယူဖွယ်ရာ နေ့ထူးနေ့မြတ်

အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မြန်မာနိုင်ငံအတွက် အထူးအရေးပါသည့် ဂုဏ်ယူဖွယ်ရာ နေ့ထူးနေ့မြတ်ဖြစ်သော (၇၅)နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပါဝင် ဂုဏ်ပြုခွင့်ရရှိခြင်းနှင့် ဂုဏ်ပြုယာဉ်နှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းတွင် စနစ်တကျ ခင်းကျင်းပြသနိုင်ရေးနှင့် အခြားလိုအပ်သော ကဏ္ဍများတွင် အားဖြည့် ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းအားလုံး၏ စုစည်းညီညွတ်စွာ၊ စည်းကမ်းပြည့်ဝစွာ ကြိုးပမ်းဆောင်ရွက်ခဲ့မှု အပေါ် ဝမ်းမြောက် ဂုဏ်ယူပါကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အဆင့် အခမ်းအနားတွင် ဝန်ထမ်းအားလုံး သက်ဆိုင်ရာ ကဏ္ဍအလိုက် စည်းလုံးညီညွတ်စွာဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့်နည်းတူ နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားအတွက် စီးပွားရေး ဦးတည်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မိမိတို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းများတွင်လည်း ဝီရိယ၊ သစ္စာ၊ ဉာဏ်၊ သမာဓိ စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်က (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် မိမိတို့ဝန်ကြီးဌာန ဝန်ထမ်းများ၏ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်နားလည်မှု၊ ချစ်ခင်ရင်းနှီးစွာ ပူးပေါင်းမှုတို့ကြောင့် ယခုကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ ဂုဏ်ယူဖွယ်အခမ်းအနားတွင် စည်ကားသိုက်မြိုက်စွာ အောင်မြင် ဖြစ်မြောက်စေရန် အတွက် အားဖြည့်ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းတစ်ဦးတစ်ယောက်ချင်းစီကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုယာဉ်နှင့်လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ ဝန်ထမ်းကိုယ်စားလှယ်တို့က လက်ခံရယူကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဧနီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများက ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး အတူတကွ ဂုဏ်ပြုညစာ သုံးဆောင်ခဲ့ကြသည်။

ဂုဏ်ပြုချီးမြှင့်ခြင်း အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိကြီးများနှင့် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဧရာဝတီ ၂၀

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ထိုင်ကြည့်စစ်ကြောင်း၊ ဂုဏ်ပြုယာဉ်နှင့် ပြခန်းတို့တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသောဝန်ထမ်းများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရဲရွာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဧေယျ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများနှင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့်ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ယနေ့ကျင်းပသည့်အခမ်းအနားသည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ဝန်ကြီးဌာနကိုယ်စားပြု ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများကို ဂုဏ်ပြုသည့်အခမ်းအနားဖြစ်ကြောင်း၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့သည် ကြုံတောင့်ကြုံခဲ့ နေ့ထူးနေ့မြတ်ဖြစ်ပြီး ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် မိမိတို့ဘဝတစ်သက်တာအတွက်လည်း ဂုဏ်ယူဖွယ်ရာအဖြစ် ကျန်ရစ်နေမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့နိုင်ငံ၏ နေ့ထူးနေ့မြတ် အခမ်းအနားတွင် စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင်ဖြစ်မြောက်စေရေးအတွက် တာဝန်ကျရာအခန်းကဏ္ဍ အသီးသီးမှ တက်တက်ကြွကြွဖြင့် ပါဝင်ဆောင်ရွက်နိုင်မှုကြောင့် မိမိတို့ဝန်ကြီးဌာန၏ပုံရိပ်ကို များစွာမြှင့်တင်ပေးနိုင်ခဲ့သည့်အတွက် မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် ဂုဏ်ပြုအခမ်းအနားအောင်မြင်အောင် ဆောင်ရွက်နိုင်စေရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့သည့် ဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ကျရာ အခန်းကဏ္ဍမှ ပေးအပ်သည့်တာဝန်များကို ကျေပြွန်စွာဖြင့် နိုင်ငံတော်နှင့် ဝန်ကြီးဌာနအပေါ် သစ္စာရှိစွာ အားလုံးတက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတွင် ပါဝင်ခဲ့သောဝန်ထမ်းများကိုယ်စား သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်သို့ ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း၊ ဒုတိယဝန်ကြီးက ထိုင်ကြည့်စစ်ကြောင်း၊ ဂုဏ်ပြုယာဉ်နှင့် ပြခန်းတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သော ဝန်ထမ်းများကိုယ်စား သက်ဆိုင်ရာ အဖွဲ့ခေါင်းဆောင်များသို့ ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက ဂုဏ်ပြုအခမ်းအနားသို့ တက်ရောက်လာကြသော ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဂုဏ်ပြုနေ့လယ်စာကို ဟျော်ရွှင်စွာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံ MSME လုပ်ငန်းများ၏ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧရာဝတီ ၂၀

မြန်မာနိုင်ငံ MSME လုပ်ငန်းများ၏ စီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စက်မှုဝန်ကြီးဌာနမှ အရာထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ အမှန်တကယ် လိုအပ်ပြီး လုပ်ငန်းခွင်အတွက်လည်း ထိရောက် အကျိုးရှိစေမည့် သင်တန်းများ ပို့ချပေးနိုင်ရန် ရှေ့ပြေးအစီအစဉ် အနေဖြင့် "MSME လုပ်ငန်းများအတွက် စီးပွားရေးဖွံ့ဖြိုးမှုအခြေခံ" ကို ကိုးကားအခြေခံ၍ ယခု MSME အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများ၏ စီးပွားရေးဖွံ့ဖြိုးမှု စွမ်းဆောင်ရည်ဆိုင်ရာ လိုအပ်ချက်ကို ဆန်းစစ်လိုခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ MSME လုပ်ငန်းများ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံထားပြီး စီးပွားရေးလုပ်ငန်းများအတွက် အောင်မြင်ရေးလမ်းညွှန်အဖြစ် ပြသထားသည့် MSME လုပ်ငန်းများအတွက် လက်တွေ့အသုံးချနိုင်မှုကို အခြေခံ၍ အရာထမ်းများက ဦးဆောင်ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသည့် အရာထမ်းများကလည်း အပြန်အလှန်ဆွေးနွေး၍ စက်မှုဝန်ကြီးဌာနရှိ စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းများ၏ဝန်ထမ်းများအတွက် လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးကြစေလိုကြောင်း၊ ယနေ့ဆွေးနွေးမှု အကြောင်းအရာ အပေါ် တက်ရောက်လာသူများက မည်မျှ နားလည်သဘောပေါက်သည်ကို ဆန်းစစ်သည့်အနေဖြင့် ဆန်းစစ်ချက်များကို ဖြေဆိုရမည်ဖြစ်ကြောင်း။

ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များ တိုးတက်မြင့်မားစေရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အသိပညာမျှဝေရေးဆွေးနွေးပွဲများကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း၊ ယနေ့ခေတ် ကမ္ဘာကြီးတွင် စဉ်ဆက်မပြတ် လေ့လာသင်ယူရေးပုံစံဖြင့်သွားနေသည့်အချိန်၌ အခွင့်အရေးရရှိချိန် အားသွန်ခွန်စိုက် ကြိုးစားကြစေလိုကြောင်း၊ မိမိတို့ဆောင်ရွက်ရသည့် လုပ်ငန်းအပေါ်တွင် စွမ်းဆောင်ရည်ပြည့်ဝစွာ လုပ်ဆောင်ကြစေလိုကြောင်း၊ "မျိုးမှန်ရင် ပင်သန်မည်" ဆိုသည့်စကားအတိုင်း စေတနာမှန်လျှင် ကောင်းကျိုးချမ်းသာကို မလွဲဧကန်ရမည်ဖြစ်ကြောင်း၊ ယနေ့ ဆွေးနွေးပွဲမှ ဆွေးနွေးပြောကြားမှုများအပေါ် စိတ်ဝင်တစားဖြင့် လေ့လာမှတ်သားပြီး လက်တွေ့ လုပ်ငန်းခွင်တွင် ပြန်လည်အသုံးပြုနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အစီအစဉ်အရ လက်ထောက်မန်နေဂျာ ဒေါ်ဆွေယုလှိုင်က "အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် အောင်မြင်ရေး အကြောင်းတရားများ၊ MSME စျေးကွက်နှင့် ပြင်ပဝန်းကျင်/ပြင်ပအခြေအနေ" များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးနေလွင်ထွဋ်က "လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းနှင့် MSME လုပ်ငန်းတစ်ခုကို စီမံခန့်ခွဲခြင်း"နှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာစိုးမင်းခိုင်က "လုပ်ငန်းစီမံကိန်းအား အသေးစိတ်ရေးဆွဲရာတွင် လုပ်ဆောင်ရမည့်နည်းလမ်းများ" နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးရန်မျိုးအောင်က "စီးပွားရေးလုပ်ငန်းများအတွက် အောင်မြင်ရေးလမ်းညွှန်" နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးရှုထောင့်မှ လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် အရာထမ်းများက မရှင်းလင်းသည့် အချက်များနှင့် သိရှိလိုသည်များကို မေးမြန်းရာ ဆွေးနွေးသည့် အရာထမ်းများက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် အသေးစိတ်ပြန်လည် ရှင်းလင်းဖြေကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

သတင်းစဉ်

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဧရာဝတီ ၂၀

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဧလ

မောက်မယ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများ လျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

မောက်မယ် ဧရာဝတီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေး ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉ နာရီမှစတင်ပြီး မြို့နယ်လျှပ်စစ်မှူး ဦးကျော်ဇင်ဝင်းကဦးဆောင်၍ ဝန်ထမ်းများနှင့်အတူ ရပ်ကွက်နှင့်ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ရပ်ကွက်နှင့် ကျေးရွာများအတွင်း တပ်ဆင်အသုံးပြုလျက်ရှိသည့်မီတာများ တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေး နှင့် မီတာများ ရပ်၊ ပျက်၊ နေး ဖြစ်ပေါ်မှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ ဝန်ထမ်းများနှင့်အတူ ဓာတ်အားလိုင်းနှင့်မလွတ်ကင်းသော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းဆင့် အင်္ဂလိပ်စာနှင့်သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဧရာဝတီ ၂၀

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းရှိ သီရိမင်္ဂလာခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲအကဲဖြတ်ဒိုင်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာနအနေဖြင့် ထက်မြက်သည့် လူစွမ်းအားအရင်းအမြစ်များအဖြစ် လူငယ်အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရန် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အနာဂတ်ခေါင်းဆောင်များဖြစ်သည့်ကျောင်းသား လူငယ်အသိပညာရှင်၊ အတတ်ပညာရှင်များအတွက် လိုအပ်သောအရည်အသွေးများအနက် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်မြင့်မားရေးသည်လည်း အရေးကြီးသောကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာ၊ သင်္ချာဘာသာရပ်များ ပိုမိုအလေးထားလေ့လာကြပြီး အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြော၊ နားထောင်မှုစွမ်းရည်များ တိုးတက်လာစေရန်နှင့် စဉ်းစားတွေးခေါ်ဉာဏ် ရင့်သန်ပြီး သင်္ချာဆိုင်ရာ ဉာဏ်ရည်တိုးတက်စေချင်သည့် ရည်ရွယ်ချက်များဖြင့် ယခုလို အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း။

ဆည်းပူးလေ့လာ

ယခုအခမ်းအနားကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့၏ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်များ တိုးတက်နေစေရေး အမြဲမပြတ် ဆက်လက်ဆည်းပူးလေ့လာနေကြစေလိုကြောင်း၊ နိုင်ငံတကာ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအထိ ရည်မှန်းချက်ထား ဆက်လက်ကြိုးစားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ဆွေထွန်းက အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ ဖြေဆိုမှုနှင့်ပတ်သက်၍ လည်းကောင်း၊ စာစစ်မှူးချုပ်၊ ရန်ကုန်တက္ကသိုလ် သင်္ချာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာအောင်ကျော်က သင်္ချာစွမ်းရည်ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ ဖြေဆိုမှုနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပထမဆုချီးမြှင့်ခံရသည့် ကျောင်းသား ကျောင်းသူများက အင်္ဂလိပ်စာစွမ်းရည်ပြသကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် Grade–9 ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည်။

ယင်းနောက် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် Grade–9 ကျောင်းသား ကျောင်းသူများအား ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆုချီးမြှင့်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းနှင့် ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက အခြေခံပညာမူလတန်းနှင့် အလယ်တန်းဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဆုများချီးမြှင့်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အကဲဖြတ်စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများ ကူညီဆောင်ရွက်ပေးကြသည့် တက္ကသိုလ်/ကောလိပ်များမှတာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြကြောင်း သိရသည်။

သတင်းစဉ်

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သူနာပြု၊ သားဖွား၊ နှီးနွှယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်များ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧရာဝတီ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သူနာပြု၊ သားဖွား၊ နှီးနွှယ်သင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီး၊ ကျောင်းအုပ်များ ညှိနှိုင်းအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် Semi Virtual Meeting ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာနလက်အောက်တွင် ဆေးနှင့်နှီးနွှယ် တက္ကသိုလ်ပေါင်း ၁၅ ခုနှင့် သူနာပြု၊ သားဖွားနှီးနွှယ်သင်တန်းကျောင်းစုစုပေါင်း ၅၃ ကျောင်းရှိကြောင်း၊ ၎င်းတို့မှ ဆရာဝန်၊ သွားဆရာဝန်၊ သူနာပြု၊ သားဖွားနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များ မွေးထုတ်ပေးလျက်ရှိကြောင်း၊ သူနာပြု၊ သားဖွားပညာရေးကို ပြည်တွင်းရော ပြည်ပပါ မြှင့်တင်ပေးလျက်ရှိရာ သင်ကြားရေးအပိုင်းမှလည်း နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်နှင့်အညီ အရည်အသွေးရော အရည်အချင်းပါ ပြည့်ဝရုံမျှမက မိမိတို့ လိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံသော ခံယူချက်ကောင်းသည့် သူနာပြု၊ သားဖွားများမွေးထုတ်နိုင်ရေး သင်တန်းကာလကပင် လေ့ကျင့်ပျိုးထောင်ပေးရန် အရေးကြီးကြောင်း။

ဆွေးနွေးကြရန်လို

နှစ်ရက်တာကျင်းပမည့် ညှိနှိုင်းအစည်းအဝေးတွင် သင်ကြားရေးပိုင်းနှင့်ပတ်သက်၍ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများတွင် သင်တန်းသင်ရိုးညွှန်းတမ်းများဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားရာတွင် သင်ကြားပုံစနစ်များ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ Skill Lab များအတွက် လိုအပ်ချက်များ၊ စာကြည့်တိုက်တွင်ထားရှိရန်လိုအပ်သော ခေတ်မီစာအုပ်များ၊ Internet Access များ၊ သင်ကြားရေးပတ်ဝန်းကျင်၊ သင်ကြားပေးရသည့် အချိန်နှင့်နေရာတို့အပေါ် တွေ့ကြုံနေရသည့် အခက်အခဲများ၊ အားသာချက်/အားနည်းချက်များကို လည်းကောင်း၊ သင်ကြားရေးဆေးရုံများတွင် လက်တွေ့သင်တန်းတက်ရောက်နေသည့် သင်တန်းသား သင်တန်းသူများကို လက်တွေ့ဆောင်ရွက်နိုင်အောင် စနစ်တကျသင်ကြားရေးကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက ကြပ်မတ်သွားနိုင်ရေး၊ သင်တန်းကျောင်းအုပ်ချုပ်မှနှင့် စီမံခန့်ခွဲရေးနှင့် ပတ်သက်၍လည်းကောင်း၊ မိမိတို့တွေ့ကြုံခဲ့ရသည့်၊ တွေ့ကြုံနေရသည့် အတွေ့အကြုံများ၊ အခက်အခဲများကို အချင်းချင်းမျှဝေနိုင်ရန်နှင့် ပိုမိုကောင်းမွန်သည့် ရလဒ်ကောင်းများရရှိလာစေရန် ဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးလူစွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူး(သူနာပြု)တို့က လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းတို့က စွမ်းဆောင်ရည်ဆုရရှိခဲ့သည့် ကျောင်းအုပ်ကြီးနှင့် ကျောင်းအုပ်များကို ဆုများချီးမြှင့်ကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ ကျောင်းအုပ်ကြီးများ/ကျောင်းအုပ်များနှင့် လန်းဆန်းစာ အတူတကွသုံးဆောင်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အလုပ်အမှုဆောင်အစည်းအဝေး ကျင်းပ

ရန်ကုန် ဧရာဝတီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အလုပ်အမှုဆောင်အစည်းအဝေး(၁/၂၀၂၃)ကို ရန်ကုန်မြို့ ကန်ရိပ်သာလမ်းရှိ Esperado Lake View Hotel ၌ ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ဦးစွာဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဦးစီးနာယက အဂ္ဂမဟာမင်္ဂလာမွန်ဓောတိကဓေ၊ သီရိသုဓမ္မမဏိဓောတရေ ဦးရဲထွန်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ အဂ္ဂမဟာမင်္ဂလာမွန်ဓောတိကဓေ ဦးစိန်သန်းက အသင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များက ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆွေးနွေးတင်ပြခဲ့ကြပြီး အသင်း အတွက် အလှူငွေများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ကိုထက်

ဥတ္တရခရိုင်နှင့် ဧယျာသီရိခရိုင်မှ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဧန်နဝါရီ ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင်နှင့် ဧယျာသီရိခရိုင်မှ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်တွင် Green City၊ Clean City၊ Smart Cityကို ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်၍ အထွက်တိုးအောင် စနစ်တကျ စိုက်ပျိုးစေလိုကြောင်း၊ MSME နှင့်ပတ်သက်၍ လက်ရှိ လုပ်ငန်းများထက် တိုးတက်အောင် ဆောင်ရွက်စေလိုကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နေပြည်တော်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျဖြင့် အချိန်မီပြီးစီးရေး စံချိန်စံညွှန်းများနှင့်အညီဆောင်ရွက်စေလိုကြောင်း၊ မြို့တော်သန့်ရှင်း သာယာလှပရေးကို အားလုံးက အလေးထားဆောင်ရွက်စေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ဥတ္တရခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းဇော်ထူးနှင့် ဧယျာသီရိခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟန်ဝင်းထူးတို့က ဒေသဆိုင်ရာ အချက်အလက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။ ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဝန်ထမ်းများအတွက် ဆန်၊ ဆီ၊ ကြက်ဥ၊ ငါးခြောက်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရုံးပတ်ဝန်းကျင်အတွင်း သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဧန်နဝါရီ ၂၀

စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

မဖြစ်မနေဆောင်ရွက်

ရှေးဦးစွာ စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက ပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့်ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းကော်မတီနှင့် စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများ၊ မြို့ပြနှင့်ကျေးလက်ဒေသများတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်၍ ကဏ္ဍအလိုက် အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း၊ စွန့်ပစ်ရေဆိုးများ၊ အခိုးအငွေ့များ၊ စွန့်ပစ်အမှိုက်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအပေါ်ထိခိုက်မှုများ မဖြစ်ပေါ်စေရန် ပတ်ဝန်းကျင်ဆိုင်ရာ အစီအမံများဖြင့် စနစ်တကျ တားဆီးကာကွယ်ရေးလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဌာနအဖွဲ့အစည်းများမှလည်း စွန့်ပစ်ပစ္စည်းဆိုင်ရာ လမ်းညွှန်ချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ Standard Operation Procedure (SOP) များဖြင့် ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ယနေ့ဖွံ့ဖြိုးလာသည့် စက်မှုလုပ်ငန်းများနှင့် လူဦးရေတိုးတက်လာမှုတို့ကြောင့် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများမှ ပတ်ဝန်းကျင်ညစ်ညမ်းမှုကို မဖြစ်ပေါ်စေရန်နှင့် တားဆီးနိုင်ရန်အတွက် ချမှတ်ဆုံးဖြတ်ထားသော လုပ်ငန်းစဉ်များကို စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများတွင် ဆက်စပ်ပတ်သက်သူများအားလုံး ထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်းနှင့် လုပ်ငန်းကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန်အတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် တိုက်တွန်းအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဆန်းဦးက လုပ်ငန်းကော်မတီ ဆောင်ရွက်ပြီးစီးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို တင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဌာနများ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက မိမိတို့ဌာနအလိုက် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများမှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဧန်နဝါရီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ် ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဧန်နဝါရီ ၂၁ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၃)တွင် အိမ်အလုပ်ကို လွယ်ကူသည်ဟုမှတ်ယူကာ တာဝန်ယူလုပ်ဆောင်ရာမှ အိမ်အလုပ်မှာ အလွန်ပင်များပြားကာ အချိန်မီအလျင်အမြန်ဆောင်ရွက်ရကြောင်း သိရှိသွားသော ပလာတူးအကြောင်းကို ရေးဖွဲ့ထားသည့် "ပလာတူးနှင့် အိမ်အလုပ်" မျက်နှာဖုံး ကာတွန်း၊ မြင်စိုင်းမြို့ဟောင်း၏ သာယာပုံနှင့် စာဆိုတော် ငါးစီးရှင် ကျော်စွာ၏ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝပုံ အကြောင်းကို ဗဟုသတရဖွယ် တင်ဆက်ထားသည့် "မြင်စိုင်းရွှေပြည် စာဆိုတော်" သုတ ဆောင်းပါးကဏ္ဍ၊ ကလေးတို့ပေးပို့သော ကာတွန်းများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ဆေးကုပေးရင်း လူနာ၏ ဥစ္စာပစ္စည်းများကို လိမ်လည်ယူသော ဆေးဆရာနှင့်ဖြတ်ထိုးဥာဏ်ကောင်းသော မျက်မမြင်လူနာ အမျိုးသမီးအကြောင်းကို တင်ဆက်ထားသည့် "လူလိမ်" နှစ်မျက်နှာကာတွန်း၊ မိမိ၏မှားယွင်းသော အပြုအမူကို ဂရုမမူမိဘဲ သူတစ်ပါးကိုသာ အပြစ်မြင်တတ်သော ရှုခ်ဉ်လေးအကြောင်းကို ရေးဖွဲ့ထားသည့် "သစ်သီးအဖြေ" ပုံပြင်ကဏ္ဍ၊ ဖခင်၏ အလုပ်အကိုင်ကို သိရှိသွားသည့် စန္ဒာအကြောင်းကို ရေးဖွဲ့ထားသည့် ဆရာမ မေဌန်အေး၏ "အဖေ့အလုပ်ဆိုတာ" ဝတ္ထုကဏ္ဍ၊ မိခင်၏စကားကို နားမထောင်မိ၍ အသက်အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရ သည့် ကြွက်ဖြူလေးအကြောင်းကို ရေးဖွဲ့ထားသည့် ကာတွန်းပြီးချိုး၏ "မိဘစကား" နှစ်မျက်နှာကာတွန်း၊ စကားကို ကတ်တီးကတ်ဖွဲ့ပြောတတ်သော ရဲရင့်ဖြိုးအကြောင်းကို ရေးဖွဲ့ထားသည့် "အမ္မေလေး ရဲရင့်ဖြိုး" တစ်မျက်နှာကာတွန်း၊ ပုံပြင်ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍအပါအဝင် အင်္ဂလိပ်သဒ္ဒါ ကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဧန်နဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဧလ

ဓာတ်ခွဲနမူနာစုစုပေါင်း ၃၄၂၁ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခြောက်ဦး တွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၀-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၄၂၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၀၂,၀၆၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၇၉၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၃၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

လယ်ဝေး ဧနှစ်ဝါရီ ၂၀

နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ဒုတိအကြိမ်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက သော်မှော်ကုန်းကျေးရွာခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ပထမဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၇ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ///

ကျိုင်းတုံမြို့နယ် နမ့်ခင်ချောင်း ၀၊ ယာ တွင် နေရောင်ခြည်သုံး ဆိုလာစနစ်ဖြင့် ချောင်းရေတင်လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ကျိုင်းတုံ ဧနှစ်ဝါရီ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိသည့် လွယ်လုံနှင့် ယန်းလောကျေးရွာအုပ်စုရှိ နမ့်ခင်ချောင်း ၀၊ ယာတွင် ရေစုဒ်နေရောင်ခြည် သုံးဆိုလာစနစ်ဖြင့် ချောင်းရေတင်လုပ်ငန်း ဆောင်ရွက်



နေမှုကို ဧနှစ်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးသိန်းလွင်နှင့် တာဝန်ရှိသူများက နမ့်ခင်ချောင်း ၀၊ ယာ တစ်ဖက်တစ်ချက်စီတွင် ဆိုလာစနစ်ဖြင့် ချောင်းရေတင်၍ ပဲ၊ နှမ်း၊ ပြောင်း၊ အာလူးနှင့် အခြားသီးနှံများစိုက်ပျိုးနေမှုများအား ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးတောင်သူများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးရေရရှိရေးလုပ်ငန်း ရေရှည်လည်ပတ် ဆောင်ရွက်နိုင်ရန်နှင့် သီးနှံများ စဉ်ဆက်မပြတ်စိုက်ပျိုးနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ကျိုင်းတုံမြို့နယ်တွင် နေရောင်ခြည်သုံးဆိုလာစနစ်ဖြင့် နမ့်ခင်ချောင်းမှ ရေတင်၍ ချောင်းဘေး ၀၊ ယာ ရှိ ကျေးရွာ ခုနစ်ရွာမှ တောင်သူများ၏ ဧက ၆၀ တွင် စပါးနှင့်အခြားသီးနှံများ စိုက်ပျိုးလျက်ရှိပြီး ရာသီအလိုက် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

၂၀၂၃ ခုနှစ် ဧနှစ်ဝါရီလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဧလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

၁။ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ကာ၊ ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

မိုးအခြေအနေနှင့် မိုးရွာရက်

၂။ မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၃။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်းတွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

ညအပူချိန်

၄။ ချင်းပြည်နယ်တွင် ဧနှစ်ဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင် ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧနှစ်ဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

မြူအခြေအနေ

၅။ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ငါးရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တစ်ရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

မြစ်ရေအခြေအနေ

၆။ ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံတမြို့နှင့် ဧလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

၇။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

၈။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးလက်မခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံ နှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ဥမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် သုံးလက်မခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်ခန့်စီ၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဧလ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇန်နဝါရီ ၂၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လိပ်ပြာကန်ရပ်ကွက်နေ ဖြူစင်သန့်သည် ၎င်းအသုံးပြုသည့် "Phyu Sin Thant" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အမှတ်(၂)ရပ်ကွက်နေ ညီထွေးသည် ၎င်းအသုံးပြုသည့် "Nyo Htwe" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အမှတ်(၃) ရပ်ကွက်နေ ခင်မာချို(ခ)မချိုသည် "Ma Cho" Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့် အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်မှုပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၃၀၅	၂၃၅၅	၂၃၄၅	၂၃၁၅	၂၃၅၀	၂၃၇၅	၂၃၆၀	၂၃၃၅	၂၄၃၅	၂၄၅၀	၂၃၄၅	၂၃၅၅	၂၃၉၀	၂၃၉၀	၂၃၉၅	၂၆၂၀	၂၉၀၀
95 Ron	၂၃၈၅	၂၄၃၅	၂၄၃၀	၂၃၉၀	၂၄၃၀	၂၄၅၅	၂၄၄၀	၂၄၁၅	၂၅၁၅	၂၅၃၀	၂၄၂၅	၂၄၄၀	၂၄၇၀	၂၄၇၀	၂၄၇၀	၂၇၀၀	၂၉၈၀
HSD (500 ppm)	၂၄၈၀	၂၅၂၅	၂၅၂၅	၂၄၈၅	၂၅၂၅	၂၅၅၀	၂၅၄၅	၂၅၁၀	၂၆၃၀	၂၆၂၅	၂၅၂၀	၂၅၃၀	၂၅၆၅	၂၅၆၅	၂၅၆၅	၂၇၉၅	၃၅၀၀
HSD (50 ppm)	၂၅၆၀	၂၆၀၅	၂၆၀၅	၂၅၆၅	၂၆၀၅	၂၆၃၀	၂၆၂၅	၂၅၉၀	၂၇၁၀	၂၇၀၅	၂၆၀၀	၂၆၁၀	၂၆၄၅	၂၆၄၅	၂၆၄၅	၂၈၇၅	၃၅၃၀
HSD (10 ppm)	၂၅၆၀	၂၆၀၅	၂၆၀၅	၂၅၆၅	၂၆၀၅	၂၆၃၀	၂၆၂၅	၂၅၉၀	၂၇၁၀	၂၇၀၅	၂၆၀၀	၂၆၁၀	၂၆၄၅	၂၆၄၅	၂၆၄၅	၂၈၇၅	၃၅၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၁၉၀	၂၂၆၈
95 Ron	၂၂၆၇	၂၃၄၆
HSD (500 ppm)	၂၃၆၂	၂၄၃၉
HSD (50 ppm)	၂၄၃၆	၂၅၁၄
HSD (10 ppm)	၂၄၃၆	၂၅၁၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးမှုများကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး အဆောက်အအုံ ကိုးခု ပျက်စီးဆုံးရှုံးခဲ့

နေပြည်တော် ဧနှစ်ဝါရီ ၂၀

CRPH နှင့် NUG အမည်ခံအကြမ်းဖက်အဖွဲ့များသည် အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် အေးချမ်းစွာနေထိုင်ကြသော ပြည်သူများအား အကြောင်းပြချက်မျိုးစုံဖြင့် စွပ်စွဲသတ်ဖြတ်ခြင်း၊ နိုင်ငံပိုင်အဆောက်အအုံများ၊ အများပြည်သူနှင့်သက်ဆိုင်သော ဆေးရုံများ၊ ကျောင်းများ၊ နေအိမ်များ၊ ကျေးရွာများ၊ စျေးများ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များနှင့် ဌာနဆိုင်ရာရုံးများအား မီးရှို့ဖျက်ဆီးခြင်းနှင့် ပစ္စည်းများလုယက်ခြင်းစသည့် အဖျက်အမှောင့်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ဧနှစ်ဝါရီ ၁၉ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အောင်ဧေယျရပ်ကွက်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးအတွင်းသို့ PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ဖောက်ခွဲ၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ရုံးပင်မအဆောက်အအုံတစ်လုံး မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခြင်း၊ မီးရှို့ ဖျက်ဆီးခြင်းများကြောင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး ကိုးရုံးတို့ ပျက်စီးဆုံးရှုံးခဲ့ရမှုကို ဖော်ပြပါအတိုင်းတွေ့ရှိရသည်-

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ဦးစီးမှူးရုံးများတွင် အကြမ်းဖက်(မီးရှို့ဖျက်ဆီး)ခံရမှု အခြေအနေ

စဉ်	ရက်စွဲ	ဒေသရုံး	ဖြစ်စဉ်အကျဉ်း
၁	၁၄-၁၀-၂၀၂၁	ပြည်နယ်ဦးစီးမှူးရုံး ချင်းပြည်နယ်	၁၄-၁၀-၂၀၂၁ ရက်နေ့ ည ၁၀ နာရီ မိနစ် ၃၀ အချိန်ခန့်တွင် CDF အကြမ်းဖက်သမားများမှ မီးလောင်ဗုံးဖြင့် ပစ်ပေါက်ပြီး မီးရှို့ဖျက်ဆီးခြင်းဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။
၂	၂၃-၁၁-၂၀၂၁	ကန်ပက်လက်မြို့နယ် ဦးစီးမှူးရုံး ချင်းပြည်နယ်	၂၃-၁၁-၂၀၂၁ ရက်နေ့ ည ၂၁:၄၅ အချိန်ခန့်တွင် PDF အင်အား ၃၀၀ ခန့်မှ မီးရှို့ဖျက်ဆီးခဲ့ရာ အလျား ပေ ၄၀၊ အနံ ပေ ၃၀၊ အမြင့် ၁၀ ပေ ရှိသော သွပ်မိုးအုတ်ညှပ်တစ်ထပ်၊ ဌာနပိုင် အဆောက်အအုံအား မီးရှို့ခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။
၃	၁၁-၁၀-၂၀၂၂	တီးတိန်မြို့နယ် ဦးစီးမှူးရုံးနှင့် ဝန်ထမ်း လိုင်းခန်းနေအိမ် ချင်းပြည်နယ်	၁၁-၁၀-၂၀၂၂ ရက်နေ့ ည ၂၁:၃၀ အချိန်ခန့်တွင် တီးတိန်မြို့နယ် ဦးစီးမှူးရုံးနှင့် ဝန်ထမ်းလိုင်းခန်း နေအိမ်တစ်လုံးအား CDF အကြမ်းဖက်သမားများမှ မီးရှို့ဖျက်ဆီးမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး (၅၀ x ၂၅ x ၂၅)ကွန်ကရစ်သွပ်မိုး အုတ်ကာ တစ်ထပ်၊ တီးတိန်မြို့နယ်ဦးစီးမှူးရုံး (၃၀ x ၁၅ x ၁၅) ပျဉ်ထောင်ပျဉ်ခင်းသွပ်မိုးနှစ်ခန်းတွဲ တစ်ထပ် ဝန်ထမ်းလိုင်းခန်း နေအိမ်တစ်လုံးအား မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။
၄	၂၃-၁၀-၂၀၂၂	ဒီပဲယင်းမြို့နယ် ဦးစီးမှူးရုံး စစ်ကိုင်းတိုင်းဒေသကြီး	၂၃-၁၀-၂၀၂၂ ရက်နေ့ ၀၄:၃၀ အချိန်ခန့်တွင် PDF အကြမ်းဖက်သမားများမှ ဒီပဲယင်းမြို့နယ် ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးမှုဖြစ်စဉ် ဖြစ်ပွားခဲ့ရာ (၁၀၂ x ၆၂ x ၁၄) ကွန်ကရစ်သွပ်မိုး၊ အုတ်ကာ တစ်ထပ် မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံအား မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။
၅	၅-၁၂-၂၀၂၂	မြောင်မြို့နယ် ဦးစီးမှူးရုံး စစ်ကိုင်းတိုင်းဒေသကြီး	၅-၁၂-၂၀၂၂ ရက်နေ့ မွန်းလွဲ ၁၃:၀၀ အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ဦးစီးမှူးရုံးအား PDF အကြမ်းဖက်သမား ၂၀ ခန့်မှ မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။
၆	၃-၁-၂၀၂၃	မြိုင်မြို့နယ်ဦးစီးမှူးရုံး မကွေးတိုင်းဒေသကြီး	၃-၁-၂၀၂၃ ရက်နေ့ ၂၁:၃၀ အချိန်ခန့်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ဦးစီးမှူးရုံးအတွင်းသို့ အကြမ်းဖက်သမား သုံးဦးမှ ရုံးခြံစည်းရိုးအားကျော်၍ ဝင်ရောက်ပြီး မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။
၇	၉-၁-၂၀၂၃	ဆားလင်းကြီးမြို့နယ် ဦးစီးမှူးရုံး စစ်ကိုင်းတိုင်းဒေသကြီး	၉-၁-၂၀၂၃ ရက်နေ့ ၂၀:၁၅ အချိန်တွင် PDF အကြမ်းဖက်အဖွဲ့ ခန့်မှန်း ၂၀ ခန့်မှ ဆားလင်းကြီးမြို့နယ်ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။
၈	၁၂-၁-၂၀၂၃	ရေစကြိုမြို့နယ် ဦးစီးမှူးရုံး မကွေးတိုင်းဒေသကြီး	၁၂-၁-၂၀၂၃ ရက်နေ့ ၀၁:၂၀ အချိန်တွင် PDF အကြမ်းဖက်အဖွဲ့ ခန့်မှန်း ၂၀ ခန့်မှ ရေစကြိုမြို့နယ် ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးခဲ့ပါသည်။
၉	၁၉-၁-၂၀၂၃	မြင်းမူမြို့နယ်ဦးစီးမှူးရုံး စစ်ကိုင်းတိုင်းဒေသကြီး	၁၉-၁-၂၀၂၃ ရက်နေ့ ၁၉:၀၀ အချိန်တွင် PDF အကြမ်းဖက်အဖွဲ့မှ မြင်းမူမြို့နယ် ဦးစီးမှူးရုံးအား မီးရှို့ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ပါသည်။

အကြမ်းဖက်အဖွဲ့များအနေဖြင့် ဌာနဆိုင်ရာရုံးများအား ယခုကဲ့သို့ မိုင်းထောင်ဖောက်ခွဲ၊ မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်နေမှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားကြောင်း သိရသည်။

သတင်းစဉ်



မီးလောင်ဗုံးဖြင့် ပစ်ပေါက်မီးရှို့ဖျက်ဆီးခြင်းခံရသည့် ချင်းပြည်နယ် ဦးစီးမှူးရုံးအဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။

မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် ကန်ပက်လက်မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။

မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် တီးတိန်မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။

မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် ဒီပဲယင်းမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။

မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် မြောင်မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။

မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် မြိုင်မြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။

မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် ဆားလင်းကြီးမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။

မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် ရေစကြိုမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။

မီးရှို့ဖျက်ဆီးခြင်းခံထားရသည့် မြင်းမူမြို့နယ်ဦးစီးမှူးရုံး အဆောက်အအုံ မှတ်တမ်းဓာတ်ပုံ။

ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဘီလာရုစ်နိုင်ငံ)

၀၊၀၊

(ယမန်နေ့မှအဆက်)

ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း

သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းကို အနည်းဆုံး မဲဆန္ဒရှင်များ၏ ထောက်ခံလက်မှတ် စုစုပေါင်း ၁၀၀၀၀ ဖြင့် ဘီလာရုစ်နိုင်ငံသားများက တင်သွင်းရမည်။ အမည်စာရင်း တင်သွင်းမှုသည် ရွေးကောက်ပွဲမတိုင်မီ ရက်ပေါင်း ၈၀ မှစတင်ပြီး ရွေးကောက်ပွဲမတိုင်မီ ရက် ၅၀ တွင် ပြီးဆုံးသည်။ ဘီလာရုစ်သမ္မတနိုင်ငံ ဥပဒေပြုချက်များနှင့်အညီ ရာဇဝတ်မှုမှတ်တမ်းကြောင့် ပြည်နယ်အဖွဲ့အစည်းများနှင့် အခြားပြည်နယ်အဖွဲ့အစည်းများရှိ ရာထူးနေရာများတွင် ထမ်းဆောင်ခွင့်မရှိသော နိုင်ငံသားများသည် သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများအဖြစ် အမည်စာရင်းတင်သွင်းခွင့်မပြုပါ။ သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို အနည်းဆုံး လူပေါင်း ၁၀၀ ထက်မနည်းရှိသော ကနဦး မဲဆန္ဒရှင်အုပ်စုက ဆောင်ရွက်ပါသည်။ ပဏာမ မဲဆန္ဒရှင်အုပ်စုများ မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာကော်မရှင်က ဆောင်ရွက်သည်။ သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်းကို ဗဟိုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သည်။ ဘီလာရုစ်သမ္မတနိုင်ငံ သမ္မတအတွက် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်းသည် ရွေးကောက်ပွဲမတိုင်မီ ၃၅ ရက်မှစတင်ပြီး ရွေးကောက်ပွဲမတိုင်မီ ၂၅ ရက်အတွင်း ပြီးဆုံးမည်ဖြစ်သည်။ သမ္မတလောင်းတစ်ဦး၏ ဝင်ငွေကြေညာချက်တွင် ကွဲလွဲမှုတွေ့ရှိလျှင်သော်လည်းကောင်း၊ တရားမဝင်ထောက်ခံလက်မှတ် အရေအတွက်သည် စုဆောင်းထားရှိသော ထောက်ခံလက်မှတ်စုစုပေါင်းထက် ၁၅ ရာခိုင်နှုန်းကျော်လွန်နေကြောင်း စိစစ်တွေ့ရှိရလျှင်သော်လည်းကောင်း ဗဟိုရွေးကောက်ပွဲကော်မရှင်သည် သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းခြင်းကို ငြင်းပယ်ပိုင်ခွင့်ရှိသည်။

လွှတ်တော်ရွေးကောက်ပွဲအတွက်ကိုယ်စားလှယ်လောင်းများအမည်စာရင်း တင်သွင်းခွင့်သည် ရွေးကောက်ပွဲမကျင်းပမီ ခြောက်လထက် နောက်မကျစေဘဲ ဘီလာရုစ်သမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာနက မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီများ၊ အလုပ်သမားစုပေါင်းအဖွဲ့များနှင့် နိုင်ငံသားများမှ မဲဆန္ဒရှင်များ၏ ထောက်ခံလက်မှတ်များ စုဆောင်းခြင်းဖြင့် တင်သွင်းခွင့်ရှိသည်။

နိုင်ငံရေးပါတီများမှ အောက်လွှတ်တော် ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို နိုင်ငံရေးပါတီများ၏ အကြီးတန်းအဖွဲ့များက ဆောင်ရွက်သည်။ နိုင်ငံရေးပါတီတစ်ခုသည် ၎င်းတို့၏ အဖွဲ့ဝင်အရေအတွက်အရ ရွေးကောက်ပွဲမဲဆန္ဒနယ်တစ်ခုစီအတွက် ကိုယ်စားလှယ်လောင်းတစ်ဦးသာ အမည်စာရင်းတင်သွင်းခွင့်ရှိသည်။ အလုပ်သမားအစုအဖွဲ့များမှ အောက်လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းကို အလုပ်သမားအစုအဖွဲ့ ညီလာခံများတွင် ဆောင်ရွက်သည်။

အောက်လွှတ်တော်အတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းရာတွင် သက်ဆိုင်ရာ မဲဆန္ဒနယ်တွင်နေထိုင်သည့် မဲဆန္ဒရှင် ၁၀၀၀ ထက်မနည်းသော ထောက်ခံလက်မှတ်များဖြင့် တင်သွင်းရမည်။ အမည်စာရင်းတင်သွင်းမှုသည် ရွေးကောက်ပွဲမတိုင်မီ ရက်ပေါင်း ၇၀ တွင် စတင်ပြီး ရွေးကောက်ပွဲမတိုင်မီ ရက် ၄၀ တွင် ပြီးဆုံးမည်ဖြစ်သည်။ အောက်လွှတ်တော် ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ခြင်းကို ခရိုင်ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သည်။ အောက်လွှတ်တော် ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်းသည် ရွေးကောက်ပွဲမတိုင်မီ ရက် ၄၀ မှစတင်၍ ရွေးကောက်ပွဲမတိုင်မီ ရက်ပေါင်း ၃၀ တွင် ပြီးဆုံးသည်။

အထက်လွှတ်တော် ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှုသည် ရက်ပေါင်း ၉၀ မှ စတင်ပြီး လက်ရှိကျင်းပနေသည့် အထက်လွှတ်တော်၏ အခွင့်အာဏာမရပ်စဲမီ ရက် ၆၀ တွင် ပြီးဆုံးသည်။ အထက်လွှတ်တော် ကိုယ်စားလှယ်လောင်း မှတ်ပုံတင်ခြင်းကို ဗဟိုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သည်။ မှတ်ပုံတင်ခြင်းသည် ရက်ပေါင်း ၆၀ မှစတင်ပြီး လက်ရှိ အထက်လွှတ်တော် အခွင့်အာဏာမရပ်စဲမီ ရက်ပေါင်း ၅၅ ရက်တွင် ပြီးဆုံးသည်။

> **"သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများတွင် သုံးစွဲဆောင်ရွက်ရန်အတွက် အခြေခံယူနစ် ၉၀၀၀ ထက်မပိုသော ပမာဏရှိသည့် ကိုယ်ပိုင်ရွေးကောက်ပွဲရန်ပုံငွေကို တည်ထောင်ခွင့်ရှိသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် မဲဆန္ဒရှင်များ၏ လက်မှတ်စုဆောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်နှင့် အသုံးစရိတ်များကိုပေးဆောင်ရန် ကိုယ်စားလှယ်လောင်းအဖြစ် မှတ်ပုံတင်ခြင်းမပြုမီ ကိုယ်ပိုင်ရွေးကောက်ပွဲရန်ပုံငွေကို ထူထောင်နိုင်သည်။"**

လွှတ်တော်ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းတစ်ဦးသည် အခြေခံယူနစ် ၁၀၀၀ ထက်မပိုသော ပမာဏရှိသည့် ကိုယ်ပိုင်ရန်ပုံငွေကိုလည်းကောင်း၊ ဒေသန္တရကောင်စီရွေးကောက်ပွဲအတွက် အခြေခံယူနစ် ၃၀ ထက်မပိုသော ပမာဏရှိသည့် ကိုယ်ပိုင်ရန်ပုံငွေကိုလည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု ဒေသန္တရကောင်စီရွေးကောက်ပွဲအတွက် အခြေခံယူနစ် ၁၀ ထက်မပိုသော ပမာဏရှိသည့် ကိုယ်ပိုင်ရန်ပုံငွေကိုလည်းကောင်း အသီးသီးတည်ထောင်ခွင့်ရှိသည်။

ကိုယ်စားလှယ်လောင်းများသည် ပထမဆုံးငါးရာ ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်နှင့် အသုံးစရိတ်များကိုပေးဆောင်ရန် ကိုယ်စားလှယ်လောင်းအဖြစ် မှတ်ပုံတင်ခြင်းမပြုမီ ကိုယ်ပိုင်ရွေးကောက်ပွဲရန်ပုံငွေကို ထူထောင်နိုင်သည်။

မဲဆွယ်စည်းရုံးခြင်း

ရွေးကောက်ပွဲကာလ မဲဆွယ်စည်းရုံးခြင်းကို လူထုမီဒီယာအသုံးပြု၍ မဲဆွယ်စည်းရုံးခြင်း၊ ပုံနှိပ်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဝေခြင်း၊ မဲဆန္ဒရှင်များနှင့်တွေ့ဆုံ၍ မဲဆွယ်စည်းရုံးခြင်း စသည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်သည်။

ကိုယ်စားလှယ်လောင်းများသည် နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုများတွင် လွှတ်လပ်စွာပြောဆိုခွင့်၊ စကားစစ်ထိုးပွဲများတွင် ပါဝင်ခွင့်၊ ၎င်းတို့၏ ရွေးကောက်ပွဲအစီအစဉ်များကို သတင်းစာများတွင် အခမဲ့ ထုတ်ဝေခွင့်များကို ဆောင်ရွက်နိုင်သည်။ နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုထုတ်လွှင့်မှုတွင် ကိုယ်စားလှယ်လောင်းများ၏ သဘောထားထုတ်ပြန်ချက် အရေအတွက်နှင့် စာပိုဒ်အရှည်ကို ဗဟိုကော်မရှင်က ဆုံးဖြတ်သည်။ ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲ ပိုစတာများ၊ ကြွေးကြော်သံများ၊ ကြေညာချက်များ၊ ကမ္ဗည်းစာများ၊ လက်ကမ်းစာစောင်များ၊ ဓာတ်ပုံပစ္စည်းများ ပြုလုပ်ပိုင်ခွင့်ရှိသည်။ ပုံနှိပ်ထားသော စည်းရုံးရေးပစ္စည်းများကို ဘီလာရုစ်သမ္မတနိုင်ငံ ပိုင်နက်တွင် ထုတ်လုပ်ရသည်။ အမည်မသိ စည်းရုံးရေးပစ္စည်းများဖြန့်ဝေခြင်းကို တားမြစ်ထားသည်။ ရွေးကောက်ပွဲနေ့တွင် မဲဆွယ်စည်းရုံးခွင့်မပြုပါ။ မဲဆွယ်စည်းရုံးမှုများတွင် နိုင်ငံခြားသားများ ပါဝင်ဆောင်ရွက်ခွင့်မပြုပါ။

ရွေးကောက်ပွဲကုန်ကျစရိတ်များ

သမ္မတရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုများတွင် သုံးစွဲဆောင်ရွက်ရန်အတွက် အခြေခံယူနစ် ၉၀၀၀ ထက်မပိုသော ပမာဏရှိသည့် ကိုယ်ပိုင်ရွေးကောက်ပွဲရန်ပုံငွေကို တည်ထောင်ခွင့်ရှိသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် မဲဆန္ဒရှင်များ၏ လက်မှတ်စုဆောင်းခြင်း ရွေးကောက်ပွဲအသုံးစရိတ် အစီရင်ခံစာကို ရွေးကောက်ပွဲနေ့မတိုင်မီ ၁၅ ရက်ထက်စောပြီး ၁၀ ရက်ထက်နောက်မကျစေဘဲ ဗဟိုရွေးကောက်ပွဲကော်မရှင်သို့ တင်သွင်းရမည်ဖြစ်ပြီး နောက်ဆုံး ရွေးကောက်ပွဲအသုံးစရိတ် အစီရင်ခံစာကို ရွေးကောက်ပွဲကျင်းပပြီး ငါးရက်ထက် နောက်မကျစေဘဲ တင်သွင်းရမည်ဖြစ်သည်။

မဲပေးခြင်း

ရွေးကောက်ပွဲနေ့တွင် မဲရုံများကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ထားရှိသည်။ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်သည် ဆန္ဒမဲပေးရမည့်နေရာနှင့် အချိန်တို့ကို ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ၁၀ ရက်ထက် နောက်မကျစေဘဲ အသိပေးကြေညာရသည်။ ရွေးကောက်ပွဲနေ့တွင် မဲပေးနိုင်ခြင်းမရှိသော မဲဆန္ဒရှင်များသည် ရွေးကောက်ပွဲနေ့မတိုင်မီ ငါးရက်စော၍ ကြိုတင်မဲပေးနိုင်သည်။ ကြိုတင်မဲပေးခြင်းကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိလည်းကောင်း၊ ညနေ ၄ နာရီမှ ည ၇ နာရီအထိလည်းကောင်း ကော်မရှင်အဖွဲ့ဝင် အနည်းဆုံးနှစ်ဦး၏ ရှေ့မှောက်တွင် ဆောင်ရွက်ရသည်။ ကျန်းမာရေးအခြေအနေအရ သော်လည်းကောင်း၊ အခြားသော အကြောင်းရင်းများကြောင့်သော်လည်းကောင်း မဲရုံများသို့ မလာရောက်နိုင်သော မဲဆန္ဒရှင်များ မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်က ကူညီဆောင်ရွက်ပေးရသည်။ မဲဆန္ဒရှင်များ၏ တောင်းဆိုမှုအရ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်သည် ကော်မရှင်အဖွဲ့ဝင် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောအဖွဲ့ဝင်များကို စေလွှတ်၍ ၎င်းတို့ နေထိုင်ရာနေရာတွင် မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရသည်။ ရွေးကောက်ပွဲတွင် ပါဝင်ခွင့်ရှိသူတစ်ဦးသည် အခြားသူတစ်ဦးအတွက် ကိုယ်စားမဲပေးပိုင်ခွင့်မရှိပါ။

မဲရေတွက်ခြင်းနှင့် မဲရလဒ် ထုတ်ပြန်ကြေညာခြင်း

ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်ဥက္ကဋ္ဌက မဲပေးခြင်းလုပ်ငန်းပြီးဆုံးကြောင်း ကြေညာပြီးနောက် မဲပုံးများကိုဖွင့်၍ ရေတွက်သည်။ မဲရေတွက်မှုရလဒ်များကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်က မှတ်တမ်းတင်ရသည်။ သမ္မတရွေးကောက်ပွဲဖြစ်ပါက မှတ်တမ်းတင်ထားသည့် ပရိုတိုကောများကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်ထံ ချက်ချင်းတင်ပြရပြီး လွှတ်တော်ရွေးကောက်ပွဲဖြစ်ပါက ခရိုင်ရွေးကောက်ပွဲကော်မရှင်ထံသို့ တင်ပြရမည်ဖြစ်သည်။ ထို့နောက် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်များက ပရိုတိုကောမိတ္တူကို အများသူငါ မြင်တွေ့နိုင်သည့် နေရာတွင် ကပ်ထားကြေညာရမည်။

လွှတ်တော်ရွေးကောက်ပွဲများအတွက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အစည်းအဝေးတွင် ရလဒ်များကိုအပြီးသတ်ဆောင်ရွက်ပြီး သမ္မတရွေးကောက်ပွဲအတွက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲရလဒ်များကို စုစည်းရသည်။ ဤအချက်အလက်များအရ Minsk Oblast နှင့် Minsk မြို့တို့တွင် ရွေးကောက်ပွဲရလဒ်များကို အပြီးသတ်ပါသည်။ အဆိုပါ လုပ်ထုံးလုပ်နည်းများကိုအခြေခံ၍ ရွေးကောက်ပွဲအပြီး ၁၀ ရက်အတွင်း ရွေးကောက်ပွဲ၏ နောက်ဆုံးရလဒ်များကို ဗဟိုရွေးကောက်ပွဲကော်မရှင်က ဆုံးဖြတ်ကြေညာသည်။

၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲ

နောက်ဆုံးကျင်းပခဲ့သည့် လွှတ်တော်ရွေးကောက်ပွဲကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် ကျင်းပခဲ့သည်။ ကိုယ်စားလှယ်လောင်း ၅၅၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြည်တွင်းစောင့်ကြည့်လေ့လာသူ ၃၉၀၀၀ ကျော်နှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူ ၁၀၃၀ ကျော်ကို စောင့်ကြည့်လေ့လာခွင့်ပြုခဲ့သည်။ ရွေးကောက်ပွဲ နောက်ဆုံးရလဒ်များကို နိုဝင်ဘာ ၂၂ ရက်တွင် ကြေညာခဲ့သည်။ မဲပေးသူ ၇၇ ဒသမ ၄၀ ရာခိုင်နှုန်းရှိခဲ့ပြီး မဲပေးခွင့်ရှိသူ ၆ ဒသမ ၈၇ သန်းရှိသည့်အနက် ၅ ဒသမ ၃၂ သန်း မဲပေးခဲ့သည်။ မဲခွဲဆုံးဖြတ်မှု ရလဒ်အရ မည်သည့် အတိုက်အခံကိုယ်စားလှယ်လောင်းတစ်ဦးမျှ အမျိုးသားလွှတ်တော်သို့ တက်ရောက်နိုင်ခြင်းမရှိပါ။ ကိုယ်စားလှယ်နေရာ ၁၁၀ အနက် ၈၉ နေရာကို ပါတီဝင်မဟုတ်သူများက အနိုင်ရရှိခဲ့ပြီး ဘီလာရုစ်ကွန်မြူနစ်ပါတီ (Communist Party of Belarus)က ၁၁ နေရာ၊ ရီပတ်ဘလီကန် အလုပ်သမားနှင့် တရားမျှတမှုပါတီ (Republican Party of Labor and Justice)က ခြောက်နေရာ၊ ဘီလာရုစ်မျိုးချစ်ပါတီ (Belarusian Patriotic Party)နှင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီနှင့် ဘီလာရုစ်စိုက်ပျိုးရေးပါတီ(Liberal Democratic Party and the Belarusian Agrarian Party)က တစ်နေရာစီ အသီးသီး အနိုင်ရရှိခဲ့ပါသည်။

နိဂုံး

ဘီလာရုစ်သမ္မတနိုင်ငံသည် လွှတ်လပ်ရေးရရှိပြီး ၁၉၉၁ ခုနှစ်နောက်ပိုင်းတွင် ဒီမိုကရေစီအခြေခံမူများကို အခြေခံ၍ နိုင်ငံအတွင်း ရွေးကောက်ပွဲ စနစ်ကျင့်သုံးရန် ကြိုးပမ်းခဲ့ကြသည်။ ဘီလာရုစ်နိုင်ငံသည် သမ္မတသက်တမ်းကန့်သတ်ချက်မရှိသော်လည်း သမ္မတရွေးကောက်ပွဲများ၊ လွှတ်တော်ရွေးကောက်ပွဲများ၊ ဒေသန္တရရွေးကောက်ပွဲများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ရွေးကောက်ပွဲ ဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ။

မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

မြန်မာ - ရုရှား နှစ်နိုင်ငံ ချစ်ကြည်ရေးသမိုင်းတွင် မေ့ပျောက်၍မရစကောင်းသော ဘိုဇင်ကော့ဗ်နှင့် ဇိုနင်

အားကစားပရိသတ်တစ်ဦး

မြန်မာ– ရုရှားဖက်ဒရေးရှင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအခါသမယတွင် မြန်မာ့ဘောလုံးလောကတစ်ခေတ်ဆန်းသစ်လာစေရန် နည်းပေးလမ်းပြ ပံ့ပိုးကူညီပေးခဲ့ပါသော တစ်ချိန်က မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှ ဆိုဗီယက် (ရုရှား) နည်းပြဆရာများဖြစ်ကြသည့် ဘိုဇင်ကော့ဗ်နှင့် ဇိုနင်တို့ကို ကျွန်ုပ်တို့ မေ့ပျောက်၍မရစကောင်းပေ။

မြန်မာ့ဘောလုံးအားကစား အဆင့်အတန်းမြင့်မားရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာဘောလုံးအသင်းအောင်ပန်း ဆင်မြန်းနိုင်ရေးအတွက် နိုင်ငံတော်က နိုင်ငံခြားသားနည်းပြ ဆရာများကို ၁၉၅၄ ခုနှစ်မှစတင်၍ ဌားရမ်းခေါ်ယူခဲ့သည်။ ၁၉၅၄ ခုနှစ် ဧပြီလတွင် အင်္ဂလန်နိုင်ငံသား အေဝီယားကို ဒုတိယအကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကျင်းပရန် တစ်လအလိုတွင် စတင်ဌားရမ်းခေါ်ယူခဲ့ခြင်းဖြစ်သည်။

ထို့နောက် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် တပ်မတော်လက်ရွေးစင် ဘောလုံးအသင်းများအတွက် ယူဂိုဆလားဗီးယားနည်းပြများ ဖြစ်ကြသည့် ဗီထရိုဗစ်ချ်နှင့် မာကို ဗားလော့ဗ်၊ ဟန်ဂေရီနည်းပြ ကာလ်မား၊ ဆိုဗီယက် (ရုရှား) နည်းပြဆရာများ ဖြစ်ကြသည့် ဘိုဇင်ကော့ဗ်နှင့် ဇိုနင်တို့ကို ဆက်လက်ဌားရမ်းခေါ်ယူခဲ့ပါသည်။

တတိယကြေးတံဆိပ်ဆွတ်ခူး ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့

အင်္ဂလန်နည်းပြဆရာ အေဝီယားသည် မြန်မာဘောလုံးအသင်းကို ကြံ့ခိုင်မှုအပိုင်းသာ ဦးစားပေးခဲ့သော်ငြား ၁၉၅၄ ခုနှစ် ဖိလစ်ပိုင် အာရှအားကစားပြိုင်ပွဲတွင် တတိယကြေးတံဆိပ်ဆွတ်ခူး ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ မြန်မာလက်ရွေးစင် ဘောလုံးအသင်းအတွက် ဗေ့ဆော်ဦး နိုင်ငံတကာပြိုင်ပွဲ ဆုတံဆိပ်လည်းဖြစ်သည်။

အင်္ဂလန်နည်းပြဆရာ အေဝီယားနှင့် စာချုပ်ဖျက်သိမ်းပြီးနောက် ၁၉၅၇ ခုနှစ်တွင် ယူဂိုဆလားဗီးယားနိုင်ငံမှ နည်းပြ မီလိုရဒ် မီထရိုဗစ်ချ်ကို ထပ်မံငှားရမ်းခဲ့သည်။ မီထရိုဗစ်ချ်လက်ထက်တွင်မူ နိုင်ငံတကာပြိုင်ပွဲများတွင် အောင်မြင်မှု မရရှိခဲ့ပေ။

မြန်မာ့ တပ်မတော်ကလည်း တပ်မတော်လက်ရွေးစင် ဘောလုံးအသင်းများအတွက် ယူဂိုဆလပ်နည်းပြ တစ်ဦးဖြစ်သည့် မာကို ကို ၁၉၅၉ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ဌားရမ်းခေါ်ယူခဲ့သည်။ မာကိုသည် စည်းကမ်းကို အဓိကထားကာ ခေတ်မီကစားနည်းနှင့် ကြံ့ခိုင်မှုတို့ကို သင်ကြားပို့ချပေးခဲ့သည်။

မြန်မာနိုင်ငံသို့ ပထမဆုံး ဆိုဗီယက်နည်းပြဆရာအဖြစ် ရောက်ရှိလာသူမှာ ဘိုဇင်ကော့ဗ်ဖြစ်သည်။ မြန်မာလက်ရွေးစင်ဘောလုံးအသင်း နည်းပြဆရာအဖြစ် ၁၉၆၁ ခုနှစ် သြဂုတ်လ ၆ ရက်မှ ၁၉၆၅ ခုနှစ် မတ်လ ၁၇ ရက်အထိ တာဝန်ယူခဲ့သည်။ ဘိုဇင်ကော့ဗ်သည် ဆိုဗီယက်ပြည်ထောင်စု၏ ထိပ်တန်းဘောလုံးကစားသမားတစ်ဦး ဖြစ်ရုံမက ရေခဲပြင်ဟော်ကီ ကစားသမားဟောင်းလည်းဖြစ်သည်။ အားကစားသမားဘဝမှ အနားယူပြီးနောက် ဘောလုံးနည်းပြ ဆရာသင်တန်းသို့ တက်ရောက်ခဲ့ပြီး အဆင့်မြင့်အောင်မြင်ခဲ့သူ ဖြစ်သည်။

ဗိုလ်လုပွဲ တက်ရောက်နိုင်သည်အထိ ပို့ဆောင်ပေးခဲ့

ဘိုဇင်ကော့ဗ်သည် ၁၉၆၁ ခုနှစ် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းကို တာဝန်ယူလေ့ကျင့်ပေးခဲ့ပြီး ဗိုလ်လုပွဲ တက်ရောက်နိုင်သည်အထိ ပို့ဆောင်ပေးခဲ့သည်။ ဗိုလ်လုပွဲတွင် မလေးရှားအသင်းကို ရှုံး၍ ဒုတိယ ငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

သို့ရာတွင် ဘိုဇင်ကော့ဗ်သည် ရွှေခေတ် မြန်မာ့လက်ရွေးစင်ဘောလုံးသမားများ၏ အရည်အသွေး ပိုမိုတောက်ပမြင့်မားလာအောင် သင်ကြားပို့ချပေးနိုင်ခဲ့သည်။ ရွှေခေတ် မြန်မာ့လက်ရွေးစင် ကစားသမားကြီး မောင်မောင်က –

“ကျွန်တော့်ကို အရည်အချင်းပြည့်ဝတဲ့ ဘောလုံးသမားကောင်းဖြစ်လာအောင် ပုံသွင်းလေ့ကျင့်ပေးသူကတော့ တပ်မတော်ဘောလုံးအသင်း နည်းပြ ဆရာ ယူဂိုဆလပ်နည်းပြ မစ္စတာ မာကို ဗားလော့ဗ်ပါပဲ။ တောက်ပတဲ့ဘောလုံးသမားဖြစ်လာအောင် အချောကိုင်လေ့ကျင့်ပေးသူကတော့ ဆိုဗီယက်ဘောလုံးနည်းပြဆရာ မစ္စတာ ဘိုဇင်ကော့ဗ်ပါပဲ။ သူဟာ ဆိုဗီယက်အားကစားပါရဂူဘွဲ့ရပြီးသူဖြစ်ပြီး ရုရှားလက်ရွေးစင်အသင်းမှာ ပါဝင်ခဲ့သူဖြစ်တဲ့အတွက် အဘက်ဘက်က ပြည့်စုံသူဖြစ်ပါတယ်။ မြန်မာပြည်ကို ရောက်လာကြတဲ့ နိုင်ငံခြားသား ဘောလုံးနည်းပြဆရာတွေထဲမှာ မစ္စတာဘိုဇင်ကော့ဗ်ဟာ အကောင်းဆုံး တစ်ယောက်ဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ မစ္စတာ ဘိုဇင်ကော့ဗ်ဟာ ဘောလုံးအတတ်ပညာမှာ ကစားနည်းပရိယာယ်ကြွယ်ဝသူလည်း ဖြစ်ပါတယ်” ဟု ဆရာ့ကျေးဇူးကို အမှတ်တရပြန်ပြောင်းပြောဆိုခဲ့ဖူးသည်။

မြန်မာ့လက်ရွေးစင် ဂိုးသမား ခင်မောင်ထွန်း

အာရှလက်ရွေးစင်အဖြစ်ပင် ရွေးချယ်ခံခဲ့

ထို့အတူ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း၏ ဂိုးသမား ခင်မောင်ထွန်းသည်လည်း ဘိုဇင်ကော့ဗ်၏ လေ့ကျင့်သင်ကြား ပို့ချပေးမှုကြောင့် အရည်အသွေး ပိုမိုတောက်ပလာကာ အာရှလက်ရွေးစင်အဖြစ်ပင် ရွေးချယ်ခံခဲ့ရသည်။

ဆိုဗီယက်ပြည်ထောင်စုမှ နည်းပြ ဆရာတစ်ဦးဖြစ်သူ ဂယ်မန်ဇိုနင်

ခင်မောင်ထွန်းသည် ထောင့်အမျိုးမျိုးမှလာသော အမြောက်ဘောများကိုဖမ်းယူခြင်း၊ ဂိုးပေါက်ထဲတွင် နောက်ပြန်ရပ်နေစေပြီး ၂၅ ကိုက်အကွာမှအသံပေး၍ ကန်သွင်းမှုများကို ဖမ်းယူခြင်း၊ ကစားဖော်များထံ အလျင်အမြန် ဘောလုံးပေးပို့ခြင်း၊ ဒိုင်ဗင်ထိုးကာကွယ်ခြင်း စသည့်လေ့ကျင့်မှုများကို နည်းပြ ဆရာ ဘိုဇင်ကော့ဗ်၏ နည်းစနစ်အတိုင်း မခိုမကပ်လေ့ကျင့်ခဲ့ရသည်။

ထို့ကြောင့် မြန်မာ့လက်ရွေးစင် ဂိုးသမား ခင်မောင်ထွန်းသည် ၁၉၆၄၊ ၆၅ ခုနှစ်များတွင် အကောင်းဆုံးလက်စွမ်းပြ ကစားနိုင်လာခဲ့သည်။ ဘောလုံးဖမ်းပုံ သေသပ်ရုံမက တစ်ဖက်အသင်း၏ တိုက်စစ်ဆင်မှုကို ကစားဖော်များကြိုတင်၍ နေရာယူတားဆီးနိုင်ရန် သတိပေးညွှန်ပြတတ်လာသည်။ တစ်ဖက်အသင်း ဂိုးသွင်းခွင့်မရအောင် ဂိုးရှေ့ထွက်၍ ဖြတ်တောက်ခြင်း၊ တားဆီးခြင်း၊ ပိတ်ဆို့ခြင်းများကို ပြုတတ်လာသည်။ တိုးတက်လာသော ခေတ်သစ် ဘောလုံးကစားနည်းအရ ဂိုးသမားသည် ဂိုးတိုင်နှစ်တိုင် အတွင်းနေပြီး လာသမျှဘောလုံးကို ဖမ်းယူခြင်း တာဝန်မျှသာမဟုတ်၊ ခံစစ်အတွက် အမိန့်ပေးညွှန်ပြသူ၊ နောက်ဆုံး ခုခံကာကွယ်သူအဖြစ်ပါ အရည်အသွေး တိုးတက်လာခဲ့သည်။

အမှန်တကယ်တော့ ခင်မောင်ထွန်းသည် စွယ်စုံရအားကစားသမားတစ်ဦးလည်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဘော်လီဘော အားကစားသမားအဖြစ် အကြိမ်ကြိမ် ရွေးချယ်ခံခဲ့ရသော်လည်း ဘိုဇင်ကော့ဗ်က သူနှင့်လိုက်ဖက်သော ဘောလုံးအားကစားဘက်သို့ အရ ခေါ်ဆောင်ခဲ့သဖြင့် မြန်မာ့လက်ရွေးစင် ဘော်လီဘော အားကစားသမားဘဝကို စွန့်လွှတ်လိုက်ရခြင်းဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စုမှ နည်းပြဆရာ ထပ်မံရောက်ရှိ

ဆိုဗီယက်နည်းပြ ဘိုဇင်ကော့ဗ်နှင့် လက်ရွေးစင်အသင်းကို ကူညီလေ့ကျင့်ပေးခဲ့သူ ဟန်ဂေရီနည်းပြ ကာလ်မားတို့ တာဝန်ပြီးဆုံး၍ သက်ဆိုင်ရာ နိုင်ငံ အသီးသီးသို့ ပြန်သွားကြပြီးနောက် ဆိုဗီယက်ပြည်ထောင်စုမှ နည်းပြဆရာ တစ်ဦးဖြစ်သူ ဂယ်မန်ဇိုနင် ထပ်မံ ရောက်ရှိလာသည်။

ဇိုနင်ကို ၁၉၂၆ ခုနှစ်တွင် ယူကရိန်းပြည်နယ် ကာဇန်းမြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်ကတည်းက လူငယ်အသင်းများတွင် ဘောလုံးစတင်ကစားခဲ့ပြီး လီနင်ဂရက်မြို့ရှိကလပ်အသင်းများ၌ဘောလုံးသမား၊ နည်းပြအဖြစ် အဆင့်ဆင့် တက်လှမ်းခဲ့သည်။ ၁၉၅၃ ခုနှစ် အသက် (၂၇) နှစ်အရွယ်တွင် လီနင်ဂရက်မြို့ ကာယပညာသိပ္ပံမှ ဘွဲ့ရရှိခဲ့သည်။ ထို့နောက် အားကစားမဟာဝိဇ္ဇာနှင့် ဂုဏ်ထူးဆောင် နည်းပြဆရာဘွဲ့များ ရယူခဲ့ပြီး ၁၉၆၄ ခုနှစ်တွင် လီနင်ဂရက် ကာယပညာသိပ္ပံ၊ ဘောလုံးဌာနခ၌ကထိက အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဇိုနင်ကို ၁၉၆၄ ခုနှစ် စက်တင်ဘာလမှ ၁၉၆၈ ခုနှစ် စက်တင်ဘာလအထိ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း နည်းပြဆရာအဖြစ် တာဝန်ယူရန် မြန်မာနိုင်ငံအားကစားနှင့် ကာယပညာကော်မတီက ဌားရမ်းခဲ့သည်။ ဇိုနင် ခေတ်တွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် အာရှချန်ပီယံတို့မြန်မာ ဟူသည့် ရွှေခေတ်တစ်ခေတ်ကို သမိုင်းမှတ်တိုင်အဖြစ် စိုက်ထူနိုင်ခဲ့သည်။ ဇိုနင်နှင့် တွဲဖက်တာဝန်ယူခဲ့သည့် ဆရာ ဦးစိန်လှိုင်တို့ လက်ထက်တွင် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ၁၉၆၅ ခုနှစ် အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲတွင် ထိုင်းနှင့်ပူးတွဲ ပထမ၊ ၁၉၆၆ ခုနှစ် အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်၊ ၁၉၆၇ ခုနှစ် အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲတွင် ရွှေတံဆိပ်၊ အာရှဖလားပြိုင်ပွဲတွင် ဒုတိယ၊ မာဒေးကားပြိုင်ပွဲ ပူးတွဲချန်ပီယံ ဆုများကို ရယူဆွတ်ခူးနိုင်ခဲ့လေသည်။

မြန်မာ့ဘောလုံး ရွှေခေတ်တစ်ခေတ်ကို ထူထောင်ခဲ့ရာတွင် ဆိုဗီယက်(ရုရှား) နည်းပြဆရာ ဘိုဇင်ကော့ဗ်နှင့် ဇိုနင်တို့၏ ခေတ်မီနည်းစနစ်များ၊ ကုံလုံကြွယ်ဝသော ဘောလုံးပညာရပ်များဖြင့်သင်ကြားပို့ချမှုများက များစွာအထောက်အကူပြုသည့်နည်းတူ ဆိုဗီယက်(ရုရှား)ထိပ်တန်းကလပ်အသင်းများနှင့် အပြန်အလှန်ခြေစမ်းပွဲများ ကစားခွင့်ရခြင်းကလည်း မြန်မာ့ဘောလုံးအသင်းများကို နိုင်ငံတကာအတွေ့အကြုံကောင်းများ ရရှိစေခဲ့ပါသည်။

ဆိုရှယ်လစ်နိုင်ငံများအနက် ပထမဆုံး လာရောက်ကစားခဲ့

၁၉၅၅ ခုနှစ် စတုတ္ထအကြိမ်မြောက် လေးနိုင်ငံဘောလုံးပြိုင်ပွဲမတိုင်မီ ဆိုဗီယက်ပြည်ထောင်စုမှ မော်စကို မီးရထား(လိုကိုမိုးတစ်)ဘောလုံးအသင်းသည် ဒီဇင်ဘာ ၆ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်ခြေစမ်းခဲ့သည်။

၁၉၆၆ ခုနှစ် အာရှအားကစားပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း အီရန်ကိုနိုင်ပြီး ရွှေတံဆိပ်ဆုရရှိခဲ့စဉ်။

စာမျက်နှာ ၁၉ သို့ ☆

ဆောင်းဆီထွက်သီးနှံ(နေကြာ)စိုက်တောင်သူများအား ဓာတ်မြေသြဇာထောက်ပံ့

ဘားအံ ဧန်နဝါရီ ၂၀

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ဧန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီခန့်က ဘားအံမြို့အမှတ်(၈)ရပ်ကွက် ကွင်းအမှတ်-၁၁၈၄ ထောင်ဝိကွင်း တစ်ကွင်းတစ်ဆက်တည်း ဧက ၁၀၀ ဆောင်းဆီထွက်သီးနှံ(နေကြာ)စိုက်ခင်းခ၌ တောင်သူများအား ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအစီအစဉ်ဖြင့် အရင်းမပျောက်မတည်ရန်ပုံငွေများကို အတိုးနှုန်းသက်သာစွာဖြင့် နေကြာ ၉၀၃ ဒသမ ၅ ဧကကို ထုတ်ချေးပေးထားပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအကျိုးအမြတ်ရရှိစေရေးနှင့် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစေရေး လိုအပ်သည့်သွင်းအားစုများကို အဘက်ဘက်မှ ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ဘားအံခရိုင်အတွင်း ဆန်၊ ဆီ အစရှိသော စားရေရိက္ခာ ဖူလုံပိုလျှံရေးဆောင်ရွက်မှု အခြေအနေ၊ ဆီဖူလုံမှုရာခိုင်နှုန်းနှင့် နေကြာသီးနှံ တိုးချဲ့လျာထားစိုက်ပျိုးမည့် အခြေအနေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့ငွေဖြင့် နေကြာစိုက်ပျိုးထားမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဘားအံခရိုင်အုပ်ချုပ်ရေးမှူးတို့က ထောင်ဝိ၊ ရဲသာ၊ ဝါးဆူး၊ ကော့သံခါ အစရှိသော ကျေးရွာ ရှစ်ရွာမှ နေကြာ စိုက်ပျိုးတောင်သူများအား ဓာတ်မြေသြဇာများထောက်ပံ့ပေးအပ်ခဲ့ရာ တောင်သူကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆောင်းဆီထွက်သီးနှံ(နေကြာ) စိုက်ခင်းများနှင့် အဆိုပါ စိုက်ခင်းများအတွင်း ဓာတ်မြေသြဇာထည့်သွင်းခြင်းကွင်းသရုပ်ပြပွဲအား ကြည့်ရှုအားပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာစွမ်းအင်သုံးစိုက်ပျိုးရေရရှိရေးလုပ်ငန်း Rain Guan ဖြင့် ထောင်ဝိကွင်း နေကြာစိုက်ခင်းအတွင်း စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်နယ်အတွင်း ဆီဖူလုံမှုတိုးတက်ရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံစုစုပေါင်း ဧက ၉၆၀၀၀ ခန့် တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ပြီး နေကြာသီးနှံ ၃၀၀၂ ဧကခန့်ပါဝင်ကာ ဘားအံမြို့နယ်တွင် နေကြာသီးညှပ် ၁၈၂၀ ဒသမ ၁၄ ဧက၊ သီးသန့် ဧက ၂၇၅ ဧက စုစုပေါင်း ၂၀၉၅ ဒသမ ၁၄ ဧက လျာထားစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံဆောင်း နေကြာ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

လာနီညာ အခြေအနေသတင်း

နေပြည်တော် ဧန်နဝါရီ ၂၀

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေပါသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ဧန်နဝါရီလ တတိယ ၁၀ ရက်ပတ်အတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ် ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဒေသအချို့တွင် ညအပူချိန်များ လျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့်အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်သည်။

မိုး/ဧလ

✫ **စာမျက်နှာ ၁၈ မှ**

“ဆိုဗီယက်(ရုရှား)နည်းပြ ဆရာများဖြစ်ကြသည့် ဘိုဇင်ကော့ဗ်နှင့် ဇိုနင်တို့သည် မြန်မာဘောလုံးအသင်းကို နိုင်ငံတကာပြိုင်ပွဲများတွင် အောင်ပန်းဆင်မြန်းနိုင်ရန် နည်းပြဆရာများအဖြစ် ကိုယ်တိုင်ကိုယ်ကျ နည်းပေးလမ်းပြ ပါဝင်ဆောင်ရွက်ပေးခဲ့ရုံမျှမက ၎င်းတို့နှစ်ဦးရေးသားခဲ့သော ဘောလုံးနည်းစနစ်၊ နည်းပညာစာအုပ်များကလည်း မြန်မာ့ဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားရေးကို များစွာအထောက်အကူပြုခဲ့”

မြန်မာပြည်သို့ ဆိုရှယ်လစ်နိုင်ငံများ အနက်ပထမဆုံး လာရောက်ကစားခဲ့ခြင်းဖြစ်ပြီး ဆိုဗီယက်ဘောလုံးအသင်းသည် ခေတ်မီ ဘောလုံးကစားနည်းများဖြင့် ကစားနေသည်ကို မြန်မာတို့မြင်တွေ့ခဲ့ရသည်။

၁၉၅၇ ခုနှစ် မတ်လတွင် ဆိုဗီယက်ပြည်ထောင်စုမှ တီလီဘီစီ(ဂျော်ဂျီယာ) ဒိုင်နမိုဘောလုံးအသင်းလာရောက်၍ ခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာ ပထမပွဲတွင် ဒိုင်နမိုအသင်းက မြန်မာ့လက်ရွေးစင်အသင်းကို ကိုးဂိုး- တစ်ဂိုးဖြင့် အပြတ်အသတ် အနိုင်ရသွားသည်။ ဒုတိယပွဲတွင် မြန်မာတို့ အထူးကြိုးစားခဲ့၍ ငါးဂိုး-လေးဂိုးဖြင့်သာ ကပ်ရှုံးခဲ့ရသည်။

၁၉၆၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ရုရှားမှ ထိပ်သီးဘောလုံးအသင်းတစ်သင်းဖြစ်သော ဗဟိုစစ်တပ်အသင်းသည် မြန်မာနိုင်ငံသို့ လာရောက်ခြေစမ်းကစားခဲ့ပြန်သည်။ ဗဟိုစစ်တပ်အသင်းက ပထမပွဲတွင် အရပ်သားလက်ရွေးစင်အသင်းကို သုံးဂိုးပြတ်၊ ဒုတိယပွဲတွင် တပ်မတော် လက်ရွေးစင်အသင်းကို ငါးဂိုး-နှစ်ဂိုး၊ တတိယပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းကို ရှစ်ဂိုးပြတ်ဖြင့် အနိုင်ရသွားသည်။

၁၉၆၁ ခုနှစ် နိုဝင်ဘာလတွင် ရုရှားချန်ပီယံ မော်စကိုတော်ပီဒိုဘောလုံးအသင်း လာရောက်ခြေစမ်းခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့ပြန်သည်။

၁၉၆၅ ခုနှစ် နိုဝင်ဘာလတွင် ဆိုဗီယက်ပြည်ထောင်စုမှ ယူကရိန်းပြည်နယ် လက်ရွေးစင်ဘောလုံးအသင်းသည် မြန်မာနိုင်ငံသို့ လာရောက်၍ ချစ်ကြည်ရေးခြေစမ်းခဲ့ရာ ပထမပွဲတွင် မြန်မာလက်ရွေးစင်ဘောလုံးအသင်းနှင့် တစ်ဂိုးစီသရေ၊ ဒုတိယပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။

၁၉၆၆ ခုနှစ် နိုဝင်ဘာလတွင် ဆိုဗီယက်မှ ထိပ်တန်းအသင်းတစ်သင်းဖြစ်သော ဇင်းနစ်ဘောလုံးအသင်း လာရောက်ခြေစမ်းခဲ့ပြန်ရာ ဤတစ်ခေါက်တွင်မူ မြန်မာဘောလုံးအသင်းကို အနိုင်မယူနိုင်ခဲ့ချေ။ ပထမပွဲတွင် ဂိုးမရှိသရေဖြစ်ခဲ့ပြီး ဒုတိယပွဲတွင်မူ မြန်မာဘောလုံးအသင်းက နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဥရောပခရီးစဉ်အဖြစ် ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်

၁၉၆၇ ခုနှစ်တွင်မူ မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းသည် ဥရောပခရီးစဉ်အဖြစ် ရုရှားနှင့် အရှေ့ဂျာမနီနိုင်ငံတို့သို့ သွားရောက်၍ ချစ်ကြည်ရေးခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ ရုရှားခရီးစဉ်တွင် ပြည်နယ်အဆင့် အသင်းနှစ်သင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဥရောပချန်ပီယံရုရှားလူငယ်အသင်းကို နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်အောင် ကစားနိုင်ခဲ့သည်။

ထိုကဲ့သို့ ဆိုဗီယက်(ရုရှား)မှ ထိပ်တန်းကလပ် အသင်းများနှင့် စဉ်ဆက်မပြတ် ချစ်ကြည်ရေးခြေစမ်းပွဲများ အပြန်အလှန်ကစားခဲ့ရသည့် အတွေ့အကြုံကောင်းများကြောင့်လည်း မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းနှင့် လူငယ်လက်ရွေးစင် ဘောလုံးအသင်းတို့သည် ယခုအာရှထိပ်သီး တောင်ကိုရီးယား၊ အီရန်၊ အစ္စရေး စသည့်အသင်းများနှင့် ဒေသတွင်းပြိုင်ဘက်အသင်းများကို ပြိုင်ပွဲများတွင် အကြိတ်အနယ် ကစားနိုင်ပြီး မြန်မာ့ဘောလုံး ရွှေခေတ်တစ်ခေတ်ကို ထူထောင်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့ဘောလုံးအဆင့်အတန်း မြင့်မားရေး အထောက်အကူပြုခဲ့

ထို့အတူ ဆိုဗီယက်(ရုရှား)နည်းပြ ဆရာများဖြစ်ကြသည့် ဘိုဇင်ကော့ဗ်နှင့် ဇိုနင်တို့သည် မြန်မာဘောလုံးအသင်းကို နိုင်ငံတကာပြိုင်ပွဲများတွင် အောင်ပန်းဆင်မြန်းနိုင်ရန် နည်းပြဆရာများအဖြစ် ကိုယ်တိုင်ကိုယ်ကျ နည်းပေးလမ်းပြ ပါဝင်ဆောင်ရွက်ပေးခဲ့ရုံမျှမက ၎င်းတို့နှစ်ဦးရေးသားခဲ့သော ဘောလုံးနည်းစနစ်၊ နည်းပညာစာအုပ်များကလည်း မြန်မာ့ဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားရေးကို များစွာအထောက်အကူပြုခဲ့သည်။

မြန်မာဘာသာဖြင့် ထုတ်ဝေသည့် အားကစားနည်းစနစ် စာအုပ်စာပေများ ရှားပါးလှသည့် ခေတ်ကာလတွင် ဘိုဇင်ကော့ဗ်၏ ရုရှားဘာသာဖြင့် ပြုစုထားသည့် ဘောလုံးနည်းပညာ စာအုပ်တစ်အုပ်ကို ဆရာမောင်တင်မြက မြန်မာဘာသာဖြင့်ပြန်ဆို၍ ထုတ်ဝေနိုင်ခဲ့သည်။ ထို့အတူ ရုရှားနည်းပြဆရာ ဇိုနင်ရေးသားပြုစုသည့် ဘောလုံးနည်းစနစ်ဆိုင်ရာ စာအုပ်ကိုလည်း ဆရာမောင်တင်မြကပင် ဘာသာပြန်ဆို၍ “ရုရှားနည်းပြဆရာ ဇိုနင်၏ ဘောလုံးပရိယာယ်”အမည်ဖြင့် စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။

ဇိုနင်၏ အဆိုပါဘောလုံး နည်းစနစ်စာအုပ်တွင် ဘောလုံးပရိယာယ်၊ပရိယာယ်လေ့ကျင့်မှု၊ ခေတ်သစ်ဘောလုံးပညာ၏ အသွင်လက္ခဏာများ၊ စုပေါင်းဆောင်ရွက်မှုနှင့် တစ်ဦးချင်းဆောင်ရွက်မှုများ၊ လိမ်ခြင်း၊ ဘောလုံးသယ်ခြင်းနှင့် ပေးခြင်း၊ ဘောလုံးဖျက်ခြင်း၊ တစ်ဦးချင်းယှဉ်ပြိုင်မှု၊ တိုက်စစ်ပရိယာယ်၊ ခံစစ်ပရိယာယ်၊ တွဲဖက်ကစားနည်း ပရိယာယ်နှင့် နိသရည်း၊ ပရိယာယ်နှင့် ပြေးခုန်ပစ်အားကစားပညာ၊ ဘောလုံးအသင်းများ၏ သီးခြားတာဝန်များ၊ နောက်ဆက်တွဲဟူ၍ မာတိကာ အခန်း ၁၅ ခန်း ပါဝင်သည်။

သို့ဖြင့် မြန်မာ့ဘောလုံးလောကအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် မြန်မာ့ဘောလုံး ရွှေခေတ်တစ်ခေတ် ထူထောင်ရာတွင် ရှေ့တန်းကစွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါသော တစ်ချိန်က ဆိုဗီယက်(ရုရှား)နည်းပြဆရာများ ဖြစ်ကြသည့် မစ္စတာ ဘိုဇင်ကော့ဗ်နှင့် မစ္စတာ ဇိုနင်တို့ကို မြန်မာ- ရုရှားဖက်ဒရေးရှင်းနှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အခါသမယ၌ အမှတ်တရ ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

ကိုးကား
- မောင်ရဲဝင်း၏ မြန်မာ့အားကစား လူရည်ချွန်များ၊
- ဗဟိုသိမ်းဆောင်၏ အာရှဘောလုံးနှင့်မြန်မာ့ကြယ်ပွင့်များ။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး- ၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မျှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒပုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ)	၂၇၉. ၀၀	၇၂၀ ဆူ	၅၅၄ ဆူ	၁၆၆ ဆူ
၂။	သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၆၀၀၀၀	၁ လုံး	၁၉၀၀၀ သိန်း	၄၁၀၀၀ သိန်း
၃။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၁ ခု	၁၇ ခု
၄။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄. ၀၀	၉ တိုင်	၁ တိုင်	၈ တိုင်
၅။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၇၂. ၀၀	၂၀၀ ခန်း	၉ ခန်း	၁၉၁ ခန်း
၆။	မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၇၁ ခန်း	၃၈၄ ခန်း
၇။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၁၅. ၀၀	၅၀ တိုင်	၅၀ တိုင်	-
၈။	လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင်	၁၀. ၀၀	၁၈၀ တိုင်	၁၈၀ တိုင်	-
၉။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၇. ၀၀	၆၅၂ ခု	၁၃၂ ခု	၅၂၀ ခု
၁၀။	စကျင်ကျောက်ပြား ၁ ကျင်းနှုန်း	၄. ၇၀	၂၁၁၉. ၅၃ ကျင်း	၇၂ ကျင်း	၂၀၄၇. ၅၃ ကျင်း
၁၁။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)	၄. ၁၀	၂၁၈. ၁၄ ကျင်း	၂၇ ကျင်း	၁၉၁. ၁၄ ကျင်း
၁၂။	ကွန်ကရစ် ၈ လက်မထုခင်းခြင်း	၃. ၆၀	၅၉၁၀. ၆၆ ကျင်း	၂၃ ကျင်း	၅၈၈၇. ၆၆ ကျင်း
၁၃။	ကြေပြား ၁ ကျင်းနှုန်း	၂. ၀၀	၁၇၃၆. ၀၈ ကျင်း	၃၁၀ ကျင်း	၁၄၂၆. ၀၈ ကျင်း
၁၄။	မုစလိန္ဒအိုင်	၂၂၅၆၀. ၀၀	၁	၅၃၂၈ သိန်း	၁၇၂၃၂ သိန်း
	(က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း	၆၇၁၀. ၅၉	၁	-	၁
	(ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း	၃၆၀၆. ၃၆	၁	-	၁
	(ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလေ့ကားများပြုလုပ်ပေးခြင်း				
	၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ)	၁၇၁၁. ၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ)	၂၅၉၄. ၂၆	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ)	၂၂၃၆. ၄၀	၁	-	၁
	(ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း)	၄. ၇၀	၃၁၇. ၆၅	-	၃၁၇. ၆၅
	(င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း	၁၇. ၀၀	၄၇	-	၄၇
	(စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း				
	၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း	၄၆၆. ၁၂	၁	-	၁
	၂။ အပြင်ရေဆက်သွယ်ခြင်း	၆၅၈. ၃၄	၁	-	၁
၁၅။	ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ)	၁၉၃. ၀၀	၈၂ ခု	-	၈၂ ခု
၁၆။	ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၁၂. ၀၀	၅၀၀ စုံ	၄၃၇ စုံ	၆၃ စုံ

၃။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦးများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၃၇၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀۹-၄၂۹၃၂၂၅၄၊ ၀۹-၂၅၅၈၂၅၂၁

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီဗြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ)နှင့် (၅၁၉-က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းအုပ်စု၊ ကွင်းအမှတ်(၉၇၂)၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၇၇) တွင်ရှိသော ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးဇုန်(၂)၊ C-13, M-6 လမ်းရှိ အကွက်အမှတ်(၁၀၁)၊ ဧရိယာအကျယ် အနမ်း(၅၈က) (၁ယူနစ်)အား ဦးထွန်းထွန်းနိုင်[၁၂/လမန(နိုင်)၀၈၀၅၄၉၆]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲမင်းထွန်း[၁၂/အစန(နိုင်)၁၈၃၁၄၄]မှ ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ပေးချေပြီး ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း မူရင်းအထောက်အထား စုံလင်စွာဖြင့် ကျွန်ုပ်ထံဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်နှင့် လုပ်ကိုင်ခွင့် အမည်ပြောင်းလဲခြင်းအား ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးရဲမင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြမျိုး(LL.B) တရားလွတ်တော်ရှေ့နေ(စဉ်-၁၅၇၃၈)
ဖုန်း-၀၉-၄၀၁၆၀၁၇၉၇၊ ၀၉-၇၉၅၅၅၉၅၈၄

ကန့်ကွက်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်အမှတ်(၀-၃၁၆)၊ ဦးဝင်းရွှေ၊ အဖအမည် ဦးလှရွှေ [၉/ပမန(နိုင်)၁၈၁၈၈၁]၊ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ခိုင်သဇင်ဦး၊ အဖအမည်ဦးဇော်ဝင်း [၈/မထန(နိုင်)၀၉၆၆၉၃၃]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆ၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပိုင်ရှင်ကိုယ်တိုင် အမြန်ရောင်းမည်

Hilux Double Cup Vigo ဂျပန်ကားစစ်စစ် ကား(၂)စီး၊ လုပ်ငန်းသုံး၊ မိသားစုသုံး၊ တောင်ပေါ်တောင်အောက် အသုံးအလွန်တည့်သော၊ ဘယ်လိုမှမရနိုင်သောစျေးဖြင့် ရောင်းမည်။ 2005 Model, Manual, 4 Wheel, 5L အင်ဂျင်၊ 3.0 CC, ဘယ်မောင်း၊ ဒီဇယ်၊ တာယာ(၄)လုံး အသစ်၊ အဖြူရောင်၊ ကားသန့်၊ နံပါတ်လှ၊ 3S/----YGN

ကား(၁)စီး- 550 သိန်း

ဖုန်း-09-5178979, 09-451146685

အများသိစေရန် ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်-၈၇၀/ခ၊ မြေကွက်တည်နေရာအမှတ်(၈၇၀/ခ)၊ မေခလာလမ်း၊ (၁၂) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမင်းမောင် (ဒီအီး-၀၀၂၀၅၂) အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးမင်းမောင် ကွယ်လွန်၍ ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၁၅၁၈/၂၀၂၂ (၂-၅-၂-၂၀၂၂) ဖြင့် ပိုင်ဆိုင်သူ ဒေါ်ခင်အုန်းမြင့်၊ ဒေါ်ဥမ္မာမြင့်တို့ထံမှ အရောင်းစာချုပ်အမှတ်-၃၃၁၀/၂၀၂၂ (၂-၅-၂-၂၀၂၂)ဖြင့် ရရှိသူ ဦးဥက္ကာမျိုး [၁/ဥကတ(နိုင်) ၂၁၂၇၉၉]မှ ဂရန်ခြကိုက် ပျက်စီးကြောင်း ကျမ်းကျိန်လွှာ အမှတ်-၁၃၄၆/၂၀၂၂ (၁၈-၅-၂၀၂၂) ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ obj၊ ဝန်ဆောင်ခတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူ ခွင့်ပြုပြီးဖြစ်၍ မူလဂရန် (၅-၁၀-၁၉၉၃) ရက်နေ့တွင် ထုတ်ပေးထားသည့် ဦးမင်းမောင် (ဒီအီး-၀၀၂၀၅၂) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်အမှတ်-(တ၃/၁၂/၀၄၉၂/၉၃) (၅-၁၀-၁၉၉၃) ဂရန်မူရင်း စာအုပ်အား ဌာနမှ ပယ်ဖျက်ပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဌာနမှူး(ခုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ သုဝဏ္ဏမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် (၁၃)လမ်းရှိ တိုက်အမှတ်(၂၀)၊ ဒုတိယထပ်(B)၊ အကျယ်အနမ်း (၁၂½ ပေ x၅၀ပေ)ရှိ တိုက်ခန်းအား မူလပိုင်ရှင်ဖြစ်သူ ဒေါ်မိုးသူဇောခိုင် [၁၂/မဂတ(နိုင်)၀၀၉၆၅၅၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုလင်း [၇/ညလန(နိုင်)၂၃၁၇၇၁]မှ (၁၈-၁-၂၀၂၃)ရက်နေ့တွင် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုလင်းမှလွဲ၍ မည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်ခွင့်မရှိ ကြောင်းကို အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်စုစုလင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြမျိုး(LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၅၇၃၈)
ဖုန်း-၀၉-၄၀၁၆၀၁၇၉၇၊ ၀၉-၇၉၅၅၅၉၅၈၄

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ ZONE(B)၊ တိုက်အမှတ် (B-5)၊ Level(6)၊ Unit No(617)၊ ဧရိယာ(၉၄၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်နွယ်နီထွန်း [၅/ရာဘန(နိုင်)၀၀၅၇၇၀၉] (၎င်း၏ကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ကြည်ကြည်[၅/ရာဘန(နိုင်)၀၀၃၇၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထက်အောင်[၁၂/စခန(နိုင်)၀၅၉၄၂၄]၊ ဒေါ်စိမ့်စိမ့်ဦး[၁၂/စခန(နိုင်)၀၆၃၀၀၂]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဆေသကို ပေးချေထားပြီဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးထက်အောင်၊ ဒေါ်စိမ့်စိမ့်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်သူစောကျော်
LL.B, D.B.L, D.I.L, D.I.P.L, WIPO(Switzerland)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)၊
သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-765602290

ကန့်ကွက်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်အမှတ်(၀-၃၁၆)၊ ဦးဝင်းရွှေ၊ အဖအမည် ဦးလှရွှေ [၉/ပမန(နိုင်)၁၈၁၈၈၁]၊ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ခိုင်သဇင်ဦး၊ အဖအမည်ဦးဇော်ဝင်း [၈/မထန(နိုင်)၀၉၆၆၉၃၃]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနဆ၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁ ၊ မြေကွက်အမှတ်-၂၅၆၊ မြေကွက်တည်နေရာအမှတ်- ၂၅၆ ၊ လိုင်ငယီတလမ်း။ ၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ဦးအောင်ရွှေ (CB-၀ ၂၁၄၀၅)အမည်ပေါက် မြေချပ်မစ်ကို (၁၀. ၄. ၁၉၉၀)ရက်နေ့တွင် ဦးအောင်ရွှေ မှ ရရှိခဲ့ပြီး၊ (၂၂. ၇. ၂၀၁၉)ရက်နေ့တွင် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၄)မှ ဦးအောင်ရွှေ အမည်ဖြင့် မြေချပ်မစ်အား လာရောက်ထုတ်ယူပါရန် အကြောင်းကြားစာရရှိခဲ့ကြောင်း ၊ ဘဏ်ခွဲ(၄)သို့ ပေးဆပ်ရန်ရှိသော ဝန်ထမ်းအိမ်ရာချေးငွေကိုလည်း တရားဝင်ပေးဆပ်ပြီးဖြစ်ကြောင်း ၊ ဦးအောင်ရွှေ သည်(၂၀. ၈. ၁၉၉၇)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ဦးအောင်ရွှေ ၏ တရားဝင်ဇနီးမယားဖြစ်သူ ဒေါ်တင်ထွေး (၁ /လသန (နိုင်) ၀၁ ၂၅၈၃)မှ မြေချပ်မစ်မှ ဂရန်သို့လဲလှယ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာရာတွင် လျှောက်ထားသူမှ (က)မြို့နှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ(၁၀. ၄. ၁၉၉၀)ရက်စွဲပြင့်ထုတ်ပေးထားသော ဦးအောင်ရွှေ အမည်ပေါက်မြေချပ်မစ်မှုမင်း။ (ခ)မြန်မာ့စီးပွားရေးဘဏ်ခွဲ(၄)၏ ဝန်ထမ်းအိမ်ရာချေးငွေအကြေပေးဆပ်ပြီးဖြစ်ပါ၍ ကြွေးပြီကင်းရှင်းကြောင်း (၂၉. ၇. ၂၀၂၂)ရက်စွဲပါထောက်ခံချက်၊ (ဂ)မြန်မာ့စီးပွားရေးဘဏ်၏(၆.၇.၂၀၂၂) ရက်နေ့စွဲပါဌေသွင်းချလပ်မတ္တူ တစ်ဦးတည်းသောတရားဝင်ဇနီးဖြစ်ကြောင်း နှင့် ၎င်းသာလျှင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)တေ၊ ဦးအောင်ရွှေ ၏ သေစာရင်းသွင်းပိတ္တမူမှန်၊ အိမ်ထောင်ရုလူဦးရေစာရင်း။ မြို့နှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လွှဲပြောင်းပေးသောအခွန်ခွဲဝေညီးကြပ်မှတ်ပုံတင်ရင်း(Assessment Roll)တွင် အမည်ပေါက် ဦးအောင်ရွှေ ဟု မှတ်သားထားပြီး၊ မြို့နှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လွှဲပြောင်းပေးသော မြို့မြေစာရင်း(Town Land Roll)တွင် အမည်ပေါက် ဦးအောင်ရွှေ ဟု မှတ်သားထားကြောင်း စိစစ်တွေ့ရှိရပါသည်။ သို့မြေပါ၍ မြေချပ်မစ်အမည်ပေါက် ဦးအောင်ရွှေ ကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်တင်ထွေး မှ မြေပြားစာချုပ်(ဂရန်)ထုတ်ယူခွင့်ပြုပါရန်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ခုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

"သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဦးအောင်ဝင်း [၁၄/လမန(နိုင်)၀၀၂၀၂၆] နှင့် ဒေါ်မြင့်မြင့် [၁၄/လမန (နိုင်)၀၀၂၀၂၇]တို့၏သားဖြစ်သူ ကိုအောင်မြင့်သူ [၁၄/လမန(နိုင်) ၀၆၄၈၈၉]သည် မိဘနှစ်ပါးအား ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုမူဆောင်ရွက်နေသည့်အတွက် ၎င်းအား ဤကြေညာပါသည့်နေ့မှစ၍ အမွေစားအမွေခံ သားအရင်းအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါ ကြောင်းနှင့် နောက်နောင်တွင် ကိုအောင်မြင်သူနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ဝင်းနှင့် ဒေါ်မြင့်မြင့်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇင်မောင်မောင်(LL.B,C.B.L)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၅၀၂၉)
အမှတ်(၁၁၄)၊ အနော်ရထာလမ်း၊ အနောက်ပိုင်းရပ်ကွက်၊
ပန်းတနော်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဒဗာလမ်း၊ အမှတ်(၈၇၅)၊ မြေညီထပ် (ခြေရင်းခန်း)တုဆယ်တွင်းသော အကျယ်အလန်း(၁၇×၅၄)ပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားနှင့် အရပ်ရပ်အား မူလပိုင်ဆိုင်သူ ကန်ထရိုက်တာ **ဦးပိုင်မိုးဆူ** (၁ /လမတ(နိုင်)၀၀၂၄၆၈)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဦးမြိုးဇေဝင်း** (၁ /သဃက(နိုင်)၁၆၅၆၉၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြင့်သူ **ဦးဆက်ထူးဆွေ** (၁ /ဥကတ(နိုင်)၁၈၁၄၉)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဆေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဟော်ပြပါကိစ္စနှင်စပ်လျှင်၎င်း ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျမှိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့တဲ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်မျိုးသန့် B.A(Eco), H.G.P, D.B.L
အထက်တန်းရှေ့နေ (စဉ်-၁၀၈၇၉)
အမှတ်(၁၃၀)၊ (၁၅)လမ်း။ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉၇၉၃၅၅ ၂၇၉၇

ကန့်ကွက်ကြောင်းကြော်ငြာ

အင်္ဂလန်ပြည်(ဗြိတိန်)ကိုယ်စားပြုပြီး ကိုယ်တိုင်ကိုယ်စား ကိုယ်ပိုင်ကိုယ်ကိုယ်ကိုယ

အသိပေးအကြောင်းကြားခြင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းသို့ ဆက်သွယ်ဆောင်ရွက်လိုပါက အောက်ဖော်ပြပါ Website၊ Email၊ Viber နှင့် တယ်လီဖုန်းများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

Website - www.mgjea.com
Email - mgjea.npt@gmail.com / info@mgjea.com
Viber - ၀၉-၇၉၀၆၉၀၁၅၀
Telephone - ၀၉-၇၉၀၆၉၀၁၅၀/၀၆၇-၄၃၂၂၀၃/၀၆၇-၄၃၂၃၅၅ / ၀၆၇-၄၃၂၃၅

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၃၁၄)၊ မြေကွက်တည်နေရာ အမှတ်(၁၃၁၄)၊ (၃၅)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဗိုလ်မှူးသန်းဌေး)[၉/ကပတ(နိုင်)၀၅၇၅၆၁] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)မှ တရားလိုပြုလုပ်၍ ဦးသန်းဌေး၊ ဒေါ်နုနုမေတို့ကို တရားပြိုင်ထားကာ ရန်ကုန်အရှေ့ဗဟိုခရိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် (၁၈၈/၂၀၁၇)ဖြင့် အပေါင်ပစ္စည်းထုခွဲရောင်းချပေးစေလိုမှုစွဲဆိုခဲ့သည့် စီရင်ချက်နှင့်ဒီကရီအရ အပေါင်ပစ္စည်းကို ဇာရီမှုအမှတ် (၂၉/၂၀၁၉)ဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှ လေလံတင်ရောင်းချခြင်းကို လေလံဆွဲဝယ်ယူခဲ့သည့် အမိန့်၊ ဂရန်၊ နိုင်/ကတ၊ obj၊ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ ယင်းကုမ္ပဏီ၏ ကိုယ်စားလှယ်လွှဲစာ၊ ဝင်ငွေခွန်အထောက်အထား၊ ဝန်ဆောင်ခတို့တင်ပြ၍ ကမ္ဘာ့ရတနာဘဏ်(အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်)၏ မန်နေဂျာ ဦးသန်းထွေး[၁၂/ဥကမ(နိုင်)၀၀၅၀၇၇]မှ အမည်ပြောင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၁ အိပ်ချ်/၅၃၁)၊ ဧရိယာ (၃၆၀၀ စတုရန်းပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မူရင်း နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ဝင်း[၁၂/ဗဟန(နိုင်)၀၈၁၀၂၅]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်အား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တိုးတိုးကျော် (စဉ်-၈၃၈၇) LL.B, D.B.L
တရားလွတ်တော်ရှေ့နေ
အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။ Phone : 095107042

သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့်အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်(၁၆/ဒို/ရှိ)၊ ဧရိယာ (၃၆၀၀ စတုရန်းပေ) အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မူရင်း ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်နန္ဒ [၁၂/ကမရ(နိုင်)၀၃၄၄၁]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်အား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဇောင်မျိုးသိန်း (LL.B, DBL, DIL, DA Psy)
တရားလွတ်တော်ရှေ့နေ (စဉ် - ၎၈၃၃)
အမှတ်-၅၀၊ ပ-ထပ်၊ အခန်း (D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၎၈၅၅၅၀၂၅၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၇)ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်-၁၃၃၊ (မြေညီအောက်ထပ်ထည့်သွင်းရေတွက် ဂ(၃)ထပ်မြောက် လက်ဝဲဘက်တိုက်ခန်း)ဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နွဲ့နွဲ့ဝင်း[၁၂/ဗဟန(နိုင်)၀၃၀၇၄]က အရှုပ်အရှင်းတစ်စိုတစ်ရာကင်းရှင်းကြောင်းနှင့် တရားဝင်လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် (၁၉-၁-၂၀၂၃)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်ဝင်း(LL.B)၊ ဒေါ်ခင်ရီ(LL.B)၊ ဒေါ်စိမ်းလဲ့စိုး(LL.B,D.B.L)
တရားလွတ်တော်ရှေ့နေ(စဉ်-၂၀၂၁) တရားလွတ်တော်ရှေ့နေ(စဉ်-၁၀၉၃၈) အထက်တန်းရှေ့နေ(စဉ်-၅၁၉၄၉)
အမှတ်-၈၃၊ အခန်း-၁၄(အေ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၉၆၆၃၇၈၈ ၀၉-၉၇၅၁၀၉၆၃၇ ၀၉-၄၂၆၆၁၅ ၀၉-၅၂၆ ၆ ၁ ၇ ၇ ၀ ၆ ၄

အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၁၈)ဟုခေါ်တွင်သည့် အဆောက်အဦးရှိ အခန်းအမှတ်-၉၃ အကျယ်အဝန်း (၁၂ ပေ ၆ လက်မ x ၅၀ ပေ) ရှိသော ဟောင်ကောင်ပုံစံ (၂-လွှာ) ပါရှိသော မြေညီထပ်၊ အလယ်ခန်း(ဝဲဘက်ခန်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းသူများဖြစ်ကြသည့် ဒေါ်ခင်သန်းရင် [၁၂/ဒဂန(နိုင်)၀၂၂၉၀၈]နှင့် ဒေါ်မေလေးနွယ် [၁၂/လသန(ပြု)၀၀၁၀၃၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် အကျိုးသက်ဆိုင် ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာ ပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း
တရားလွတ်တော်ရှေ့နေ(စဉ်-၆၃၀၀)
အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၅၁)လမ်းနှင့် (၅၂)လမ်းကြား၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇

ရန်ကုန်မြို့သင်္ဘောသားကျွန်းမြို့နယ်ကြီးပွားရေး(တောင်)ရပ်ကွက် သံသုမာလမ်း၊အမှတ်(၂၇၄-က/ခ)ဟုခေါ်သည့် (၂)ခန်းတွဲ(၈၁)ထပ်ခါတင်လေကားပါကန်ထရိုက်တိုက်၏ (မြေညီထပ်+ထပ်ခိုး)(ခြေရင်းခန်း)အခန်းအမှတ်(B-1) တိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါတိုက်ခန်းအား(ကန်ထရိုက်တာ)ဦးခင်မောင်လတ် ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ-ဒေါ်မြတ်စန္ဒာသန့် (၁၂/ပဇတ(နိုင်)၀၀၀၂၄၄)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာ ပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်း များနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့် အထိဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းအများသိစေရန်ကြေညာပါသည်။

(လွှဲအပ်ညွှန်ကြားချက်များအရ)

ဦးသန့်ဇင် (LL-B) — အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈) — Ph-09 253995848 , 09-798420119
ဒေါ်ဟန်ခွန်နိုင်(LL-B) — အထက်တန်းရှေ့နေ(စဉ်-၂၇၅၄) — Ph-09-4200 73685
အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

